# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၂၀)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ–ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ တက်ရောက်အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၀

မြန်မာ –ဘယ်လာရုစ် စီးပွားရေးဖိုရမ်အား ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မင့်စ်မြို့ President ဟိုတယ်၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ မြန်မာ–ဘယ်လာရုစ် စီးပွားရေးဖိုရမ် အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin၊ ခရီးစဉ်တွင်လိုက်ပါလာသည့် မြန်မာအဆင့် မြင့် ကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး များနှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးနှင့် ဘယ်လာရုစ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ စာမျက်နှာ ၃ ကော်လံ ၁ ❑

**ယနေ့ မိုးလေဝသ**

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။


**ယနေ့ ဖတ်စရာ**

**အနီးကပ်ဆုံးနှင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး အရှိန်အဟုန်ဖြင့် ရှေ့သို့တိုးတက်နေ** ဆောင်းပါး ◆ စာ ◆ ၈

**ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက် ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးနှင့် စက်သုံးဆီ၊ စားသုံးဆီများ အဆင်ပြေ ချောမွေ့စွာ ဖြန့်ဖြူးနိုင်ရေး အလေးထား ဆောင်ရွက်** ပြည်တွင်းသတင်း ◆ စာ ◆ ၁၂


## မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သပြေဆောင်အား ရှေးဟောင်းမြို့ပြအမွေအနှစ် ကမ္ပည်းမော်ကွန်းကြေးပြားတပ်ဆင်

မကွေး ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီးအတွင်း ပထမဦးဆုံးအဖြစ် သက်တမ်း ၁၀၇ နှစ်ရှိပြီဖြစ်သော မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(မကွေး)ရှိ သပြေဆောင်အား ရှေးဟောင်းမြို့ပြအမွေအနှစ်အမှတ်အသား ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ခဲ့သည်။ စာမျက်နှာ ၆ ကော်လံ ၁ ❂



## စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် ဒီဇယ်ဓာတ်အားပေးမီးစက်များ ဖောင်တော်ကြီးဆိပ်ကမ်း ရောက်ရှိ

စစ်တွေ ဩဂုတ် ၂၀

စစ်တွေမြို့ပေါ် ရပ်ကွက်များကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် ရတနာပန်းတောင်းရေယာဉ်ဖြင့် သယ်ဆောင်လာသော 500 KVA နှင့် 300 KVA ဒီဇယ် ဓာတ်အားပေးမီးစက်များ စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီး ဆိပ်ကမ်းကို ယနေ့ မွန်းလွဲပိုင်းက ရောက်ရှိသည်။ စာမျက်နှာ ၄ ကော်လံ ၁ ◆

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၂၀

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာန(Bone Marrow Transplant Center)တွင် ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း တနင်္သာရီတိုင်းဒေသကြီးမှ ၄၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ ရန်ကုန်တိုင်းဒေသ ကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ၅၁ နှစ် အရွယ် အမျိုးသားတစ်ဦး၊ ၅၉ နှစ်အရွယ် အမျိုး သားတစ်ဦး၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီ မြို့နယ်မှ စာမျက်နှာ ၇ ကော်လံ ၁ ✳

မြန်မာ့အလင်း

# အရေးကြီးသည့် ကျန်းမာရေးပြဿနာ အိုင်အိုဒင်းချို့တဲ့မှု သတိပြုစရာ

အိုင်အိုဒင်းသည် သံဓာတ်၊ ထုံးဓာတ်တို့ကဲ့သို့ သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်၏ဇီဝကမ္မလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးတို့အတွက် အိုင်အိုဒင်းအာဟာရဓာတ်ကို လုံလောက်စွာ စားသုံးကြရန်လိုသည်။ အိုင်အိုဒင်းသည် ပင်လယ်စာများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်နှံစပါးများနှင့် ဥအမျိုးမျိုးတို့တွင် အများအားဖြင့် ပါရှိသည်။

အိုင်အိုဒင်းချို့တဲ့ခြင်းက ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့၊ ပေါင်မပြည့်သောကလေး၊ ဆွံ့အနားမကြားသောကလေး၊ ဉာဏ်ရည်နိမ့်သောကလေး၊ ခြေလက်မသန်စွမ်းသောကလေးမွေးတတ်သည်။ ကလေးငယ်များ အိုင်အိုဒင်းအာဟာရချို့တဲ့ပါက ခန္ဓာကိုယ်စံချိန်မီမကြီးထွားဘဲ သေးကွေးပုညှက်ခြင်း၊ ဉာဏ်ထိုင်းခြင်း၊ လည်ပင်းကြီးရောဂါဖြစ်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိခြင်း၊ ထုံထိုင်းနှေးကွေးခြင်းတို့ ဖြစ်စေနိုင်သည်။

ကမ္ဘာပေါ်တွင် အိုင်အိုဒင်းချို့တဲ့မှုကို လူအများအပြားခံစားနေကြရခြင်းဖြစ်ရာ ကမ္ဘာတစ်ဝန်းရှိလူဦးရေ ၁ ဒသမ ၅ ဘီလီယံ အိုင်အိုဒင်းချို့တဲ့နေကြပြီး နိုင်ငံပေါင်း ၁၁၈ နိုင်ငံတွင် အိုင်အိုဒင်းချို့တဲ့မှုသည် ကျန်းမာရေးပြဿနာကြီးတစ်ရပ်ကဲ့သို့ ဖြစ်နေသည်ဟုဆိုသည်။ အရှေ့အလယ်ပိုင်းဒေသရှိ လူဦးရေသုံးပုံတစ်ပုံနှင့် အာဖရိက၊ အာရှ၊ လက်တင်အမေရိကနှင့် ဥရောပနိုင်ငံများတွင် အိုင်အိုဒင်းချို့တဲ့မှုခံစားနေရသည်ဟုလည်းသိရသည်။ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ သက်သတ်လွတ်စားသူများမှာ အိုင်အိုဒင်းချို့တဲ့နိုင်ခြေများသူများဖြစ်ကြပြီး အိုင်အိုဒင်း များများစားသုံးပေးကြရန် လိုအပ်သည်။

ထို့အပြင် ပင်လယ်နှင့်ဝေးပြီး မြေဆီလွှာတွင် အိုင်အိုဒင်းပါဝင်မှုနည်းပါးသော တောင်တန်းဒေသများ၊ ကုန်းတွင်းပိတ်ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသအချို့တွင်လည်း အိုင်အိုဒင်းချို့တဲ့မှုအဖြစ်များသည်။ ယင်းဒေသများရှိ စိုက်ပျိုးမြေနှင့် သောက်သုံးရေတို့တွင် အိုင်အိုဒင်းဓာတ်မပါရှိခြင်းကြောင့် ဒေသတွင်းနေလူများတွင် အိုင်အိုဒင်းအာဟာရချို့တဲ့မှုဖြစ်ပေါ်စေသည်။

အိုင်အိုဒင်းချို့တဲ့နေကြောင်း သိရှိနိုင်သည့်လက္ခဏာများမှာ ကြီးမားသည့်ကျန်းမာရေးပြဿနာများအဖြစ် ခံစားကြရသည့် လက္ခဏာများပင်ဖြစ်ပြီး လည်ပင်းကြီးရောဂါမှာ အထင်ရှားဆုံးဖြစ်သည်။ သိုင်းရွိုက်ဂလင်း ကြီးလာခြင်းကြောင့် လည်ပင်းအရှေ့ပိုင်းဖောင်းလာပြီး အစာမျိုရခက်ခဲခြင်းနှင့် အသက်ရှူရခက်ခဲခြင်းပြဿနာတို့ကို ခံစားရနိုင်သည်။ သိုင်းရွိုက်ဟော်မုန်းထွက်ရှိမှုနည်းသွားခြင်းကြောင့် ဆဲလ်များကျန်းမာမှု အားနည်းသွားနိုင်သည်။ ခန္ဓာကိုယ်ဇီဝဖြစ်စဉ်ကျဆင်းသဖြင့် အမြဲတမ်းအားမရှိသလို ခံစားရပြီး ပင်ပန်းနွမ်းနယ်မှု ဖြစ်ပေါ်စေသည်။ အစားအသောက်ပုံမှန်စားသောက်ခြင်းဖြစ်သော်လည်း အကြောင်းရင်းမရှိဘဲ ကိုယ်အလေးချိန်တိုးလာသည်။ ခန္ဓာကိုယ်အပူချိန်ထိန်းညှိမှု အားနည်းလာသဖြင့် အလွန်အမင်းချမ်းတတ်လာသည်။ အသားအရေခြောက်သွေ့ယားယံခြင်းနှင့် ဆံပင်များအလွယ်တကူကျွတ်ခြင်းတို့ ခံစားရနိုင်သည်။ ထို့အပြင် အာရုံစူးစိုက်ရခက်ခဲခြင်းနှင့် မှတ်ဉာဏ်အားနည်းခြင်းစသည်တို့ခံစားရနိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များတွင် အိုင်အိုဒင်းချို့တဲ့မည်ဆိုပါက ကလေးငယ်မှာ ဦးနှောက်ဖွံ့ဖြိုးမှု ထိခိုက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းခြင်းတို့ ဖြစ်စေနိုင်သည်။ သိုင်းရွိုက်ဟော်မုန်းသည် ကိုယ်တွင်းဟော်မုန်းလုပ်ငန်းများတွင်ပါဝင်လျက်ရှိရာ သိုင်းရွိုက်ဟော်မုန်း ချို့တဲ့သည့်အခါ ရာသီသွေးဆင်းများခြင်း၊ ရာသီသွေးမမှန်ခြင်းတို့ဖြစ်နိုင်သည်။

အိုင်အိုဒင်းချို့တဲ့မှုကိုကာကွယ်ရန် အလွယ်ကူဆုံးနည်းလမ်းမှာ အိုင်အိုဒင်းဆား စားသုံးခြင်းပင်ဖြစ်သည်။ တစ်နေ့လျှင် အိုင်အိုဒင်းဆားလက်ဖက်ရည်ဇွန်းတစ်ဝက် ဂရုပြုစားသုံးပေးခြင်းက ခန္ဓာကိုယ်အတွက် လိုအပ်သည့်အိုင်အိုဒင်းအာဟာရကို ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။ သို့ရာတွင် အိုင်အိုဒင်းကို လိုသည်ထက် ပို၍စားသုံးခြင်းကလည်း သိုင်းရွိုက်အလုပ်ကောင်းစွာမလုပ်တော့သည့်ပြဿနာ ဖြစ်ပေါ်စေနိုင်သည်။ တန်ဆေးလွန်ဘေး ဆိုရိုးစကားနှယ်ပင် အိုင်အိုဒင်းကို လိုအပ်ချက်နှင့်အညီ ချင့်ချိန်စားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာမှုကို အထောက်အကူပြုမည်ဖြစ်သည်။

အိုင်အိုဒင်းချို့တဲ့မှုလက္ခဏာများ တွေ့ရှိလာရပါက စောစီးစွာရောဂါရှာဖွေကုသခြင်းဖြင့် အိုင်အိုဒင်းပမာဏ ပြန်လည်ကောင်းမွန်စေပြီး နောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်အောင် ကာကွယ်နိုင်သည်။

အိုင်အိုဒင်းအာဟာရသည် လူတို့အတွက် အရေးကြီးသော်လည်း အလွယ်တကူ ရရှိနိုင်သည့်အရာဖြစ်သည်။ သို့ရာတွင် ကျန်းမာရေးဆိုင်ရာ အသိသုတနည်းပါးခြင်းကြောင့် အိုင်အိုဒင်းချို့တဲ့ပါက ကြီးမားသည့်ကျန်းမာရေးပြဿနာများ ဖြစ်စေနိုင်သည်ကို သတိပြုကြရန် ဩဂုတ်လအာဟာရဖွံ့ဖြိုးရေး စတုတ္ထရက်သတ္တပတ်ဖြစ်သော အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်အတွက် ကြိုတင်နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

# သံအမတ်ကြီး ဦးအောင်မင်းဦး ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဩဂုတ် ၂၀

ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်မင်းဦး သည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်တွင် မိုဂါဒစ်ရှူးမြို့ရှိ သမ္မတအိမ်တော်၌ ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဟာဆန် ရှိတ်မိုဟာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

# (၂၀-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၀.၉ ~ ၃၆၆၄.၉ | ၅၅၇.၇ ~ ၅၅၇.၉ | ၁၂၅.၄~၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၉,၁၃၅,၃၆၄.၄၂ | ၁၄,၂၆၈,၁၄၆.၈၀ | ၇၇,၄၉၈,၃၇၁.၄၆ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

**၂၀ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၅၇၅ | ၃၇၃၀ | ၃၆၈၅ | ၃၅၉၅ | ၃၇၃၅ | ၃၇၅၀ | ၃၇၈၅ | ၃၆၆၅ | ၄၀၃၀ | ၄၀၆၀ | ၃၆၈၅ | ၃၈၂၀ | ၃၇၇၅ | ၃၇၃၀ | ၃၇၄၅ | ၃၉၇၀ |
| 95 Ron | ၃၆၉၀ | ၃၈၅၀ | ၃၈၀၀ | ၃၇၁၀ | ၃၈၅၀ | ၃၈၆၅ | ၃၉၀၀ | ၃၇၈၀ | ၄၁၄၅ | ၄၁၇၅ | ၃၈၀၀ | ၃၉၄၀ | ၃၉၉၀ | ၃၈၄၅ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၄၀၇၀ | ၄၂၂၀ | ၄၁၇၅ | ၄၀၈၅ | ၄၂၂၅ | ၄၂၄၀ | ၄၂၇၀ | ၄၁၅၅ | - | ၄၅၃၅ | ၄၁၇၅ | ၄၆၉၀ | ၄၂၆၀ | ၄၂၂၀ | ၄၂၃၀ | ၄၄၅၀ |
| HSD (50 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၀၀ | ၅၃၇၅ | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |
| HSD (10 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၀၀ | | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၃၈၄ | ၃၄၈၅ |
| 95 Ron | ၃၄၉၅ | ၃၅၉၉ |
| HSD (500 ppm) | ၃၈၇၆ | ၃၉၈၃ |
| HSD (50 ppm) | ၄၆၈၇ | ၄၈၁၀ |
| HSD (10 ppm) | ၄၆၈၇ | ၄၈၁၀ |

မှတ်ချက်။
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ–ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ်။

- ❖ **ယနေ့ကမ္ဘာ့စီးပွားရေးသည် လျင်မြန်စွာပြောင်းလဲတိုးတက်လျက်ရှိပြီး နိုင်ငံများအနေဖြင့် မိမိတို့၏ စီးပွားရေးအင်အားကို မြှင့်တင်ရန်အတွက် အပြန်အလှန်အကျိုးရှိစေမည့် မဟာဗျူဟာမြောက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိ**
- ❖ **ယနေ့ဖိုရမ်သည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာနက်ရှိုင်းစေရန်အတွက် အလွန်အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်**

❑ ရွှေဖုံးမှ

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကနှင့် အဖွဲ့ဝင်များ၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်သမ္မတနိုင်ငံမှ နွေးထွေးစွာကြိုဆိုပါကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် ဘယ်လာရုစ်-မြန်မာ စီးပွားရေးဖိုရမ်ကို ဖွင့်လှစ်ပေးရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုဖိုရမ်သည် နှစ်နိုင်ငံဆက်ဆံရေး၏ ကောင်းမွန်သောတိုးတက်မှုအရှိန်အဟုန်ကို ထင်ရှားစွာ သက်သေပြနေခြင်းပင်ဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအရှိန်အဟုန်မြှင့်တင် တိုးတက်စေရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ အထည်အလိပ်နှင့် လူသုံးကုန်စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် အစားအသောက်ကဏ္ဍ၊ ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၊ အဆင့်မြင့်နည်းပညာသိပ္ပံနှင့် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုများအတွက် တားဆီးကန့်သတ်ချက်မရှိသော ဥပဒေရေးရာပတ်ဝန်းကျင်နှင့် ဘဏ္ဍာရေး၊ ပို့ဆောင်ရေးအခြေခံအဆောက်အအုံများ ဖန်တီးခြင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာ့စီးပွားရေးသည် လျင်မြန်စွာပြောင်းလဲတိုးတက်လျက်ရှိပြီး နိုင်ငံများအနေဖြင့် မိမိတို့၏ စီးပွားရေးအင်အားကို မြှင့်တင်ရန်အတွက် အပြန်အလှန်အကျိုးရှိစေမည့် မဟာဗျူဟာမြောက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများအကြား B to B ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ခြင်း၊ ပူးတွဲစီးပွားရေးစီမံကိန်းများဖော်ဆောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသတင်းအချက်အလက်နှင့် အခွင့်အလမ်းများ အပြန်အလှန်မျှဝေခြင်း၊ စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာအတားအဆီးများကို အပြန်အလှန် ဆွေးနွေးဖြေရှင်းခြင်းတို့သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့ဖိုရမ်သည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာနက်ရှိုင်းစေရန်အတွက် အလွန်အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း။

**မြန်မာ – ဘယ်လာရုစ်**
**နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေး**

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် တည်နေရာအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေစစ်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလမှစပြီး သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုအခါ ၂၆ နှစ်ရှိခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးသည် သိသာစွာ တိုးတက်လာသည်ကို အထင်အရှား တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးသည် “အနီးကပ်ဆုံးအဆင့်” နှင့် “အမြင့်ဆုံးအဆင့်” ရောက်ရှိလာပြီး ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုလည်း မြန်မာသံရုံးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းသည် သိသာထင်ရှားသည့် မှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသာမက နိုင်ငံတကာမျက်နှာစာတွင်လည်း စိန်ခေါ်မှုများရှိသည့်ကာလ၌ပင် ခိုင်မာစွာ အတူယှဉ်တွဲရပ်တည်ပြီး ပံ့ပိုးကူညီမှုများကို အစဉ်တစိုက် ပေးအပ်ခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

မျက်မှောက်ခေတ် ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး စိန်ခေါ်မှုများ မြင့်မားနေသည့်ကာလအတွင်း၌ပင် မြန်မာ – ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ပိုမိုအားကောင်းခိုင်မာစွာ တိုးမြှင့်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အနာဂတ်တွင်လည်း ယခုထက်ပိုမိုတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ရန်အတွက် မိမိတို့အနေဖြင့် ခိုင်မာသည့်သန္နိဋ္ဌာန် ချမှတ်ထားကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသမိုင်းကောင်းကိုအခြေခံပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မဟာဗျူဟာမြောက် တိုးမြှင့်အကောင်အထည်ဖော်ရမည့်အချိန်ကို ရောက်ရှိနေပြီ ဖြစ်ကြောင်း။

**နှစ်နိုင်ငံစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်**
**ကုန်သွယ်မှုမြှင့်တင်ရေး**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံအထူးစီးပွားရေးဇုန် ဥပဒေတို့နှင့်အညီ အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ပြင် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့အနေဖြင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် အလွန်အရေးပါသည့်လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် မြန်မာနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ – ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို အမြန်ဆုံးချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင် သဘောတူညီချက်များ အပါအဝင် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်/ စာချွန်လွှာများကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုအပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာမြောက်တိုးမြှင့်နိုင်ရန်အတွက် မြန်မာ–ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆–၂၀၂၈) ကိုလည်း ရေးဆွဲအတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းပြမြေပုံထဲတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည့် အစီအစဉ်များအပြင် စက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းစသည့်ကဏ္ဍစုံတွင် လက်တွဲဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များလည်း ပါဝင်ကြောင်း။

ထို့ကြောင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် တိကျသည့်အချိန်ဇယားနှင့် ရည်မှန်းချက်များအပေါ် အခြေခံကြောင်းပြသနေပြီး နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု မြှင့်တင်ရန်အတွက် အရေးကြီးသည့် ခြေလှမ်းသစ်ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံအတွင်း၌လည်း ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများသာမက မူပိုင်ခွင့်ဥပဒေ (၄) ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နေပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဖန်တီးထုတ်လုပ်သည့် ထုတ်ကုန်များအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ မူပိုင်ခွင့်ဆိုင်ရာအကာအကွယ်များ ပါ ရရှိပြီဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

## ❖ မိမိတို့အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်နှင့် နည်းပညာဝန်ဆောင်မှုတိုးတက်လာစေရန်အတွက် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်

*စာမျက်နှာ ၃ မှ*

**မြန်မာနိုင်ငံ၏ ဈေးကွက်အခြေအနေနှင့် လူသားအရင်းအမြစ်**

မြန်မာနိုင်ငံ၏ နေပြည်တော်မြို့မှဗဟိုပြုပြီး ကီလိုမီတာ ၄၀၀၀ အချင်းရှိသည့် စက်ဝိုင်းဆွဲကြည့်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ဖြစ်သည့် ၄ ဘီလီယံကျော်သည် စက်ဝိုင်းထဲကိုဝင်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေပြီး အရှေ့တောင်အာရှနှင့် အာရှဈေးကွက်နှစ်ခုကို ဆက်သွယ်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ အိန္ဒိယသမုဒ္ဒရာကိုမျက်နှာမူထားသည့် နိုင်ငံလည်းဖြစ်ကြောင်း။

ထို့ပြင် ဒေသတွင်းဆက်သွယ်မှုလမ်းကြောင်းများဖြစ်သည့် အိန္ဒိယ- မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းကွန်ရက်၊ အရှေ့အနောက်စီးပွားရေးစင်္ကြံ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတို့၏ အလယ်ဗဟိုတွင် တည်ရှိနေကြောင်း၊ မိမိတို့နိုင်ငံလူဦးရေမှာ ၅၁ သန်းရှိပြီး လုပ်ငန်းခွင်ဝင်နိုင်သူ ၆၇ ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည် မြို့ပြနေထိုင်သူများဖြစ်ပြီး ကျန် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြကြောင်း၊ ကျေးလက်နေလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ရေထွက်ကုန်လုပ်ငန်းများကိုအခြေခံသည့် စီးပွားရေးကို လုပ်ကိုင်ဆောင်ရွက်ကြကြောင်း။

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းများ**

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်နိုင်ရန် ဘယ်လာရုစ်လုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးနိုင်သောနေရာတွင် တည်ရှိကြောင်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် မဟာဗျူဟာရေးရာများတွင် တည်နေရာအရ အချက်အချာကျပြီး စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာရှိသကဲ့သို့ သဘာဝအရင်းအမြစ်လည်း ကြွယ်ဝကြောင်း၊ ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိခြင်းကြောင့် ၁၂ လရာသီပတ်လုံး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဆောင်ရွက်နိုင်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် မွေးမြူရေးနည်းပညာမြင့်မားသည့် နိုင်ငံဖြစ်ခြင်းကြောင့် ကြက်၊ ဝက်၊ နွား မွေးမြူရေးများ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားအာရှဒေသများကို တင်ပို့ရောင်းချနိုင်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် မူဝါဒချမှတ်အကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ တည်နေရာအားသာချက်များကိုအခြေပြုပြီး စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှုနိုင်ငံအဖြစ် ဦးတည်ဖော်ဆောင်နေကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ စိုက်ပျိုးရေးနည်းပညာများ၊ ဓာတ်မြေဩဇာ၊ လယ်ယာသုံးစက်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍကို Smart Agriculture စနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရန်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် လယ်ယာစိုက်ပျိုးမှု (Farming) မှသည် စားသောက်ကုန်ထုတ်လုပ်မှု (Food Processing) လုပ်ငန်းများအထိ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း။

ထို့ပြင် ဘယ်လာရုစ်၏ အရည်အသွေးမြင့်လယ်ယာသုံးစက်ပစ္စည်းများ၊ စက်ယန္တရားများနှင့် စက်ပစ္စည်းများကို မြန်မာနိုင်ငံသို့ တင်သွင်းအသုံးပြုနိုင်မည့် အလားအလာများရှိပြီး မြန်မာနိုင်ငံတွင် ပူးပေါင်းထုတ်လုပ်ရန်အတွက်လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လိုကြောင်း၊ နောက်ထပ်အခွင့်အလမ်းတစ်ခုအနေဖြင့် လူသုံးကုန်၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်ရန် အားပေးလျက်ရှိကြောင်း၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အဆွေတော်တို့အနေဖြင့် အဆိုပါလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိကြောင်း။

ထို့ပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် ခေတ်မီသိုလှောင်ရုံများ၊ အအေးခန်းသိုလှောင်ရုံများ၊ ကုန်စည်ပို့ဆောင်ရေးအခြေခံအဆောက်အအုံများကဲ့သို့ စီးပွားရေးစီမံကိန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ပါကြောင်း။

ထို့အတူ အစိုးရအနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အားပေးဖိတ်ခေါ်လျက်ရှိပြီး အထူးသဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဇီဝစွမ်းအင်အသုံးပြုသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် မြန်မာနိုင်ငံသည် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ် စသည့် မြစ်ကြီး လေးစင်းအပြင် မြစ်ချောင်းပေါင်း ၁၀၀၀ ကျော်ရှိပြီး နှစ်စဉ် မိုးရေချိန် ၂၀၀၀-၅၀၀၀ မီလီမီတာ ရွာသွန်းခြင်းကြောင့် ရေအားလျှပ်စစ်ကို ၁၀၀ ဂစ်ဂါဝပ်အထိ ထုတ်လုပ်နိုင်စွမ်းရှိပြီး ၄၀-၅၀ ဂစ်ဂါဝပ်အထိ စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း၊ ထို့အပြင် အပူပိုင်းဒေသ နေရောင်ခြည်ခါးပတ်ကွင်းအတွင်းတွင်ရှိသည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရောင်ခြည်စွမ်းအင်ကို နှစ်စဉ် ၅၁၉၇၃ ဒသမ ၈ တယ်ရာဝပ်နာရီအထိ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း။

မြန်မာနိုင်ငံ၏ တီကျစ်ဒေသ၊ နမ်းမားဒေသနှင့် မော်လိုက်ဒေသများသည်လည်း ကျောက်မီးသွေးများ ထွက်ရှိရာဒေသများဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် အဆင့်မြင့်နည်းပညာများ အသုံးပြုပြီး ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုလည်း တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေး ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများတွင် ဘယ်လာရုစ်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်နှင့် နည်းပညာဝန်ဆောင်မှုတိုးတက်လာစေရန်အတွက် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ ထိုအတွက်လည်း မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိသည့် ပြင်ဦးလွင်အနီး ဧရိယာ ၄၀၄၇ ဟတ်တာ ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီး ဖွင့်လှစ်ထားရှိပြီး ရာသီမရွေးသွားလာနိုင်သော ကားလမ်းများနှင့် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် နိုင်ငံတကာအဆင့်မီလေဆိပ်လည်း ဖွင့်လှစ်ထားပြီးဖြစ်ခြင်းကြောင့် ပြည်ပခရီးစဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြောင်း။

ထို့ကြောင့် အစိုးရဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု AI အသုံးချမှုများ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင် ဖော်ဆောင်ရေးတို့တွင် ဘယ်လာရုစ်နိုင်ငံမှ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း။

အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာ၌ ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ အားသာချက်ကိုမူတည်ပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၊ သာမက လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများလည်း ထူထောင်ဆောင်ရွက်နိုင်ကြောင်း၊ အထူးစီးပွားရေးဇုန်နှင့်ပတ်သက်ပြီး အဆွေတော်တို့သိကြသည့်အတိုင်း မြန်မာနိုင်ငံတွင် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် သုံးခု ရှိကြောင်း။

ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် ရန်ကုန်မြို့အနီးရှိ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ သယ်ယူပို့ဆောင်ရေးအားသာချက်ရှိသည့်အပြင် အခြေခံအဆောက်အအုံပြည့်စုံသည့်အတွက် ပို့ကုန်ဦးစားပေးလုပ်ငန်းများနှင့် ကုန်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အကောင်းဆုံးရွေးချယ်မှုဖြစ်ကြောင်းလည်း ပြောကြားလိုကြောင်း၊ ထို့အတူ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ပူးပေါင်းပြီး စတင်ဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်တွင်လည်း ဘယ်လာရုစ်နိုင်ငံ၏ အကြီးစားစက်မှုလုပ်ငန်းများဖြစ်သည့် တာယာနှင့် အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အကြီးစားကုန်တင်ယာဉ်များထုတ်လုပ်ခြင်းကို ဆောင်ရွက်ရန်ဖိတ်ခေါ်လိုကြောင်း။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း သတ္တုတူးဖော်သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဖိတ်ခေါ်လိုသည့်အပြင် အဆိုပါဒေသသည် ခရီးသွားလုပ်ငန်းအတွက် သင့်လျော်သည့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ရှိသည့်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း။

**စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းနိုင်မှု**

ဘယ်လာရုစ်နိုင်ငံသည် Eurasian Economic Union (EAEU)အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဆီယံနှင့် EAEU တို့အကြား ပူးပေါင်းဆောင်ရွက်မှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနှင့် EAEU တို့အကြား ပူးပေါင်းဆောင်ရွက်မှု စတင်နိုင်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း။

ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ASEAN +1 FTA များနှင့် RCEP အရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများ၏ ဈေးကွက်များကို ဝင်ရောက်ခွင့်ရရှိပြီး မြန်မာနိုင်ငံမှတင်ပို့မှုများအပေါ် အခွန်သက်သာခွင့်/ ကင်းလွတ်ခွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ဘယ်လာရုစ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အာဆီယံဒေသနှင့် အာရှတိုက်၏ဈေးကွက်ကို ချိတ်ဆက်နိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့်ဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံ၏ ထုတ်ကုန်များသည်လည်း ဘယ်လာရုစ်နိုင်ငံမှတစ်ဆင့် EAEU အဖွဲ့ဝင်နိုင်ငံများ၏ ကြီးမားသောဈေးကွက်ကို တံခါးဖွင့်ဝင်ရောက်နိုင်မည့် Win-Win အခြေအနေကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံသည် အာရှနှင့် ဥရောပတိုက်ကြီးနှစ်ခုအကြားတွင် ကုန်သွယ်စီးဆင်းမှုအတွက် မဟာဗျူဟာမြောက် အရေးပါသည့် အပြန်အလှန်အကျိုးပြုနိုင်သော တံခါးပေါက်များဖြစ်သည်ကို အလေးအနက်ဆွေးနွေးပြောကြားလိုကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ အားကောင်းခိုင်မာသည့် စက်မှုနှင့်နည်းပညာစွမ်းရည်များကို မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့်ပေါင်းစပ်ပြီး နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို အတူတကွဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်နိုင်ရေး လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုဖိုရမ်တွင် နှစ်နိုင်ငံစလုံးမှ အထင်ကရစီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များတက်ရောက်နေကြခြင်းဖြစ်သည့်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လေ့လာသုံးသပ်ပြီး ရေရှည်အကျိုးရှိမည့် ပူးပေါင်းစီမံကိန်းများ ဖော်ဆောင်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်လာနိုင်ပြီး ပြည်သူအချင်းချင်း နွေးထွေးသည့် ကူးလူးဆက်သွယ်မှုမှတစ်ဆင့် “အပြန်အလှန်အကျိုးရှိသော မိတ်ဖက်ဆက်ဆံရေး၊ ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုနှင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှု” ကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း။

ယခုစီးပွားရေးဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံမဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် သမိုင်းစာမျက်နှာသစ်ကို အတူတကွဖွင့်လှစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုခရီးလမ်းကို ယုံကြည်မှုအပြည့်နှင့်အတူ လက်တွဲလျှောက်လှမ်းကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

◆ ***ရှေ့ဖုံးမှ***

အဆိုပါရေယာဉ်ဖြင့် မီးစက်များပါရှိမှု၊ အခြေခံစားကုန်များ၊ ဆန်နှင့် စက်သုံးဆီများပါရှိမှုတို့ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မကျည်းမြိုင်ရပ်ကွက်ရှိ မီးစက်ထားရှိမည့်နေရာတွင် မီးစက်နေရာချထားမှုကိုလည်း ကြည့်ရှုစစ်ဆေးပြီး မြို့ပေါ်ရပ်ကွက်များတွင် ဓာတ်အားအမြန်ဆုံးပေးနိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့အတူ စစ်တွေမျိုးသန့်ခြံ၌ နို့စားနွားမွေးမြူရေးခြံ ဆောက်လုပ်နေမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

---

**နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်**

နေပြည်တော် ဩဂုတ် ၂၀

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထွက်ခွာ၊ ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်ရန်အတွက် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ဂုဏ်ပြုတပ်ဖွဲ့မှ ပို့ဆောင်နှုတ်ဆက်စဉ် မြန်မာ – ရုရှားနှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းများကို တီးမှုတ်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့သည်။

**ရင်းနှီးနွေးထွေးစွာကြိုဆို**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Lukashevich နှင့် ဘယ်လာရုစ်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင်နေရာယူ၍ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့်နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရိုးရာဓလေ့ဖြင့် ကြိုဆိုစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

**လွမ်းသူ့ပန်းခွေချ**

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မင့်စ်မြို့ရှိ The Victory Monument ရှိ လွမ်းသူ့ပန်းခွေချ အလေးပြုမည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုရာ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတော် သီချင်းတို့အား တီးမှုတ်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါမင့်စ်မြို့ရှိ The Victory Monument (အောင်ပွဲခံအထိမ်းအမှတ် ကျောက်တိုင်) သည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ် ပြောက်ကျားရဲဘော်များကိုရည်စူး၍ ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏ သမိုင်းဝင်အထင်ကရနေရာတစ်ခု ဖြစ်ကြောင်း၊ အမြင့် ၃၈ မီတာရှိသည့် ၎င်းကျောက်တိုင်ခြေရင်းတွင် ကျဆုံးသူများကို အောက်မေ့သတိရသောအားဖြင့် ‘ထာဝရငြိမ်းချမ်းရေးမီးတောက်’ ကို အမြဲမပြတ်ထွန်းညှိထားရှိပြီး လက်ရှိတွင် နိုင်ငံတကာသံတမန်များနှင့် နိုင်ငံ့ခေါင်းဆောင်များ လာရောက်ဂုဏ်ပြုအလေးပြုရာ နေရာတစ်ခု ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Alexander Turchin က ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်



ဂါရဝပြုတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin က ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Alexander Turchin က ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မင့်စ်မြို့ President ဟိုတယ်၌ ဂါရဝပြုတွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် မင့်စ်မြို့ရှိ President ဟိုတယ်သို့ရောက်ရှိရာ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်တို့သည် သီးခြားတွေ့ဆုံဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့မှုအပေါ် ဘယ်လာရုစ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့သမ္မတကြီးနှင့် အဆွေတော်သမ္မတကြီးတို့အနေဖြင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးထားဆောင်ရွက်နေသည်ကို မိမိတို့အနေဖြင့် သိရှိပါကြောင်း၊ မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေရေးအတွက် ဆွေးနွေးဆောင်ရွက်သွားပြီး အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဘယ်လာရုစ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုသည့်အတွက် ဝမ်းမြောက်ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ကိုယ်စားလှယ်အဖွဲ့ရောက်ရှိချိန်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၏ ရာသီဥတုမှာ အေးမြကောင်းမွန်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ဘယ်လာရုစ်နိုင်ငံသို့ ယခုလာရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍပေါင်းစုံတွင် အောင်မြင်စွာဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှတွင် ဘယ်လာရုစ်နိုင်ငံ၏ မိတ်ဆွေရင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဩဂုတ် ၂၀**

(၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (9th Thailand–Myanmar High Level Committee Meeting )သို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် ဇနီးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး Mrs. Paveena Boontanondha၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နှစ်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ယင်းနောက် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြရာ ညစာသုံးဆောင်နေစဉ် အတွင်း ထိုင်းဘုရင့်တပ်မတော် ယဉ်ကျေးမှုအဖွဲ့က တေးသီချင်းများ၊ ရိုးရာရုပ်သေးပြဇာတ်များ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❂ *ရှေ့ဖုံးမှ*

အဆိုပါအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ပြီးအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဗိသနိုးမြို့ဟောင်းနှင့် တန့်ကြည်တောင်ဒေသတို့သည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသများဖြစ်သည့်အပြင် ကိုလိုနီခေတ်အဆောက်အအုံပေါင်း ၁၀၂ ခုအနက် သက်တမ်း ၁၀၀ ကျော်ပြီဖြစ်သည့် ရေစကြိုမြို့ရှိ ခန္ဓသိမ်၊ ပခုက္ကူမြို့ရှိ အေးတိုက်၊ ရေနံချောင်းတက္ကသိုလ်ပင်မဆောင်နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(မကွေး) သပြေဆောင်တို့အား ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ကမ္ဘည်းမော်ကွန်းမတပ်ဆင်ရသေးသည့် ကိုလိုနီခေတ်အဆောက်အအုံများအပါအဝင် သမိုင်းဝင်အမွေအနှစ်များကို နောင်မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းနိုင်ရေးနှင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ထပ်မံဝင်ရောက်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်ပေးကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက တိုက်တွန်းပြောကြားခဲ့သည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစိုးရစက်မှုလက်မှုသိပ္ပံ (မကွေး)နှင့် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)တို့၌ ကျောင်းသား ကျောင်းသူများစာတွေ့၊ လက်တွေ့သင်ကြားသင်ယူနေမှု၊ စာကြည့်တိုက်၊ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ အီလက်ထရောနစ်နှင့် လျှပ်စစ်စွမ်းအား အလုပ်ရုံများ၏ လက်တွေ့လေ့ကျင့်ခန်းများ၊ သတင်းအချက်အလက်နည်းပညာဌာန၏ သင်ကြားရေးနှင့် လျှပ်စစ်စွမ်းအားဌာနမှ ဆောင်ရွက်ထားသည့် သုတေသနစိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၂၀

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မင့်စ်မြို့မှ Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မင့်စ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မင့်စ်မြို့မှ Grodno မြို့သို့ သွားရာလမ်းတစ်လျှောက် ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လျက်ရှိမှုအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှနေ၍ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Grodno မြို့လေဆိပ်သို့ ရောက်ရှိကြရာ Grodno ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Yuri Khadzhimuratovich နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Grodno မြို့လေဆိပ်မှ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ဓာတ်မြေဩဇာစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံအထွေထွေအတွင်းရေးမှူးချုပ် Mr. Lyashenko Igor Vasilyevich နှင့်တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံဧည့်ခန်းမ၌ Grodno ပြည်နယ် အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။ နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် Grodno ပြည်နယ်အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံ၏ သမိုင်းကြောင်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ သင်ကြားပေးနိုင်မှု၊ နှစ်အလိုက် ဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်မှု၊ စက်ရုံမှ ဘယ်လာရုစ်နိုင်ငံ၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဓာတ်မြေဩဇာများ ထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိမှု၊ ဓာတ်မြေဩဇာစက်ရုံမှ အခြားထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်လိုအပ်ချက်ရှိသည့် နိုင်လွန်ကြိုးနှင့် အခြားဆက်စပ်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်သို့ ဖြန့်ခွဲရောင်းချလျက်ရှိမှုနှင့် မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာများ တင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိမှု၊ အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံပြခန်းအတွင်း ပြသထားရှိသည့် ဓာတ်မြေဩဇာစက်ရုံ ပုံစံငယ်အားကြည့်ရှုပြီး စက်ရုံအထွေထွေ အတွင်းရေးမှူးချုပ်က နိုင်ငံတော်သမ္မတထံ Grodno Azot ဓာတ်မြေဩဇာစက်ရုံအမှတ် တံဆိပ်လက်ဆောင်အားပေးအပ်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Grodno မြို့လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ Grodno ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ Grodno Azot ဓာတ်မြေဩဇာစက်ရုံသည် ဘယ်လာရုစ်နိုင်ငံ ဂရော့ဒ်နိုမြို့ (Grodno) တွင် တည်ရှိပြီး ၁၉၆၃ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့သော ဥရောပတိုက်၏ အကြီးဆုံးနိုက်ထရိုဂျင်အခြေခံဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်းထုတ်လုပ်ရေး နိုင်ငံပိုင်စက်ရုံကြီးတစ်ခုဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် အမိုးနီးယား (Ammonia)၊ ယူရီးယား (Urea) နှင့် နိုက်ထရိုဂျင် ဓာတ်မြေဩဇာအမျိုးမျိုးကို အဓိကထုတ်လုပ်ပြီး ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးပေးနေသည့်အပြင် ကမ္ဘာ့နိုင်ငံပေါင်းများစွာသို့လည်း တင်ပို့နေသည့် ဘယ်လာရုစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အရေးပါသော စက်ရုံကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံပြခန်းအတွင်း ပြသထားရှိသည့် ဓာတ်မြေဩဇာစက်ရုံ ပုံစံငယ်အား ကြည့်ရှုစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စက်ရုံဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

---

*※ ရွှေဖုံးမှ*

၄၉ နှစ်အရွယ် အမျိုးသားတစ်ဦး၊ စုစုပေါင်း လူနာလေးဦးတို့ကို ခြင်ဆီအစားထိုးကုသခြင်း ဆောင်ရွက်ခဲ့ရာ လူနာများအားလုံးမှာ ကျန်းမာရေး ကောင်းမွန်သဖြင့် ဩဂုတ်လဆန်းတွင် ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့ ပံ့ပိုးမှုဖြင့် သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိစေရေးအတွက် အဆင့်မြင့်ကုသမှုများကို ပြည်တွင်း၌ ရရှိစေရေး ဆောင်ရွက်လျက်ရှိရာ သွေး/ခြင်ဆီ ကင်ဆာရောဂါလူနာများအတွက် ခြင်ဆီအစားထိုးကုသမှုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့တွင် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံး သွေးခြင်ဆီ ပင်မကလာပ်စည်း အစားထိုးကုသမှု (Haematopoietic Stem Cell Transplant – HSCT) ကို ၂၀၁၄ ခုနှစ်မှ စတင်၍ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ သွေးကင်ဆာလူနာများအား ကုသရာတွင် အသုံးပြုနိုင်ခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်နိုင်ခဲ့သည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင်တစ်ဦး၊ ကိုဗစ်–၁၉ ကပ်ရောဂါ ကာလအလွန် ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်အထိရှစ်ဦး စုစုပေါင်းလူနာ ၃၃ ဦးကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ စုစုပေါင်းလူနာ ၂၁ ဦး၊ ကိုဗစ်–၁၉ ကပ်ရောဂါကာလအလွန် ၂၀၂၃ ခုနှစ်တွင် ငါးဦး၊ ၂၀၂၄ ခုနှစ်တွင် ၁၉ ဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၉ ဦး၊ ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ခြောက်ဦး စုစုပေါင်း ၇၀ ကို ကုသပေးခဲ့ပြီးဖြစ်သည်။ သွေး/ခြင်ဆီ ကင်ဆာ လူနာများအနေဖြင့် ပြည်တွင်း၌ပင် ကျန်းမာရေး ကုန်ကျစရိတ် သက်သာစွာဖြင့် ကုသမှုခံယူနိုင်ရေးအတွက် ခြင်ဆီအစားထိုးကုသမှုများကို ပြည်တွင်း၌ စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အနီးကပ်ဆုံးနှင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန်ဖြင့် ရှေ့သို့တိုးတက်နေ

## သိဃ်သူ

*(ယမန်နေ့မှအဆက်)*

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် Economy of Russia တို့၏ အချက်အလက်များအရ ရုရှားနိုင်ငံသည် Nominal GDP တွင် ကမ္ဘာ့အဆင့် ၉ နေရာ၌ ရှိနေပြီး ဝယ်ယူနိုင်စွမ်းအား ကွာဟနှုန်း GDP (PPP)အရ ကမ္ဘာ့အဆင့် ၄ နေရာတွင် ရပ်တည်နေသော စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည်။ ရုရှားက ၎င်း၏ အဓိကပို့ကုန်များဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ရွှေ၊ ဂျုံ၊ ဓာတ်မြေဩဇာစသည်တို့ကို ဥရောပဈေးကွက်သို့ တင်ပို့လျက်ရှိရာ ရုရှား၏စီးပွားရေး ပြိုလဲစေရန်အတွက် အနောက်အုပ်စုက ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ သို့ရာတွင် ရုရှားက ဥရောပဈေးကွက်ကို လက်လွှတ်ကာ အာရှဈေးကွက်သို့ ပြောင်းလဲ၍ တင်ပို့ပြီး စီးပွားရေးအနေအထားတစ်ရပ် ပြန်လည်ရှိလာအောင် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာနှင့်ရုရှား ကုန်သွယ်ရေးတွင်လည်း စိုက်ပျိုးရေး၊ ဆန်၊ ပဲ၊ ရေထွက်ကုန်နှင့် စွမ်းအင်ကဏ္ဍများတွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တစ်ဘီလီယံအထိ ရောက်ရှိစေရန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

"ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးသည် Supply Chain ပြောင်းလဲမှုများ၊ နည်းပညာတိုးတက်မှုများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကြောင့် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ရုရှား- မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့ပထဝီစီးပွားရေးစိန်ခေါ်မှုများ မြင့်မားနေသည့်ကာလအတွင်းမှာပင် အပြန်အလှန် နားလည်ယုံကြည်မှုတို့ဖြင့် နိုင်ငံတကာမျက်နှာစာတွင် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို အခြေပြုပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွှယ်မှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အနာဂတ်မျှော်မှန်းချက်များအတွက် အဓိကကျသည့် အင်အားများဖြစ်ပါကြောင်း" ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် ရုရှား- မြန်မာစီးပွားရေးဖိုရမ်၌ အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားကျင်းပရာနေရာသည် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်ဖြစ်သည်။



ဩဂုတ် ၁၉ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဘတ်ဂျက်သုံးအဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ်။

> **"မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ပေးသည့် မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရသာမက စီးပွားရေးအရလည်း အလွန်အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်"**

ရုရှားနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည့် အဆိုပါ စီးပွားရေးဖိုရမ်တွင် နိုင်ငံတော်သမ္မတက လက်ရှိ နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ သိကောင်းစရာ အချက်အလက်များကို ရုရှားစီးပွားရေးလုပ်ငန်းရှင်များ သိရှိအောင် ပြည့်ပြည့်စုံစုံရှင်းပြခဲ့ရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် စိတ်ပါဝင်စားမှုရှိသည့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များအဖို့ သိရှိရန်လိုအပ်သည့် အချက်အလက်များပင် ဖြစ်သည်။

နိုင်ငံတော်သမ္မတပြောကြားခဲ့သည့် အချက်အလက်များတွင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ပေးသည့် မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရသာမက စီးပွားရေးအရလည်း အလွန်အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍအနေဖြင့် မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားရှိသည့် လူဦးရေသည် တစ်နိုင်ငံလုံး လူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်း ရှိသည့်အတွက် အလုပ်လုပ်နိုင်သည့် လူသားအရင်းအမြစ်များစွာရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပူအိုက်စွတ်စိုသည့် မုတ်သုံရာသီရှိသည့် ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ၁၂ လ ရာသီပတ်လုံး ဆောင်ရွက်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကြေးနီ၊ ရွှေ၊ ငွေနှင့် အခြားသတ္တုပစ္စည်းများ ထွက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဒေသအချို့တွင်လည်း ကျောက်မီးသွေးထွက်ရှိသည့်အတွက် ကျောက်မီးသွေးကို အခြေခံသည့် လျှပ်စစ်ဓာတ်အားနှင့် မြေဩဇာထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပါကြောင်း စသည်တို့မှာ လုပ်ငန်းရှင်တို့အဖို့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို မြင်တွေ့နိုင်စေသည်။

ဆက်လက်၍ "ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင် ပြုပြင်ပြောင်းလဲရန်၊ သင့်တော်သည့် မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများပေးနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးအားပေးဖိတ်ခေါ်လျက်ရှိနေပြီး ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှုရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း" ထည့်သွင်းပြောကြားခဲ့ရာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူတိုင်း မဖြစ်မနေ သိရှိလိုကြသည့် အချက်များပင်ဖြစ်သည်။



ဩဂုတ် ၁၉ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဆုတံဆိပ် (Medal of Merit) ချီးမြှင့်ပေးအပ်စဉ်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ဈေးကွက်အလားအလာကောင်းမွန်ခြင်းနှင့် စပ်လျဉ်း၍လည်း ကမ္ဘာ့အကြီးဆုံး ဈေးကွက်များဖြစ်သည့် လူဦးရေ ၁ ဒသမ ၄၇ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေ ၁ ဒသမ ၄၁ ဘီလီယံရှိသည့် တရုတ်နိုင်ငံအပြင် လူဦးရေ သန်း ၆၆၀ ကျော်ရှိသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် အာရှဈေးကွက်နှစ်ခုကို တံတားသဖွယ် ဆက်သွယ်ထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသည် နေပြည်တော်ကို ဗဟိုပြုပြီး ကီလိုမီတာ ၄၀၀၀ အချင်းရှိသည့် စက်ဝိုင်းဆွဲကြည့်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ဖြစ်သော ၄ ဘီလီယံခန့်၏ အလယ်တွင် တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များထဲက တစ်ခုဖြစ်သည့် Regional Comprehensive Economic Partner-ship (RCEP) တွင် မြန်မာနိုင်ငံ ပါဝင်နေသည့်အတွက် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျစသည့်နိုင်ငံများနှင့် ကုန်သွယ်ရေးချိတ်ဆက်မှု အခွင့်အလမ်းများလည်း ပိုင်ဆိုင်ထားပါကြောင်း တို့ကို ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေး ရေခံမြေခံကောင်းများ ပေါကြွယ်ဝမှုကို ထုတ်ဖော်ပြောကြားခဲ့ပြီး စိုက်ပျိုးရေးသုံး စက်ယန္တရားများ၊ မျိုးစေ့ထုတ်လုပ်မှု နည်းပညာနှင့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ နည်းပညာအခြေပြု စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

ဆက်လက်၍ စွမ်းအင်ကဏ္ဍတွင် ရေနံတူးဖော်ထုတ်လုပ်ခြင်း၊ ရေနံသန့်စင်ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းများနှင့် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဒီဂျစ်တယ်နည်းပညာတို့တွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၊ လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများ ထူထောင်ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ အရေးပါသည့် သတ္တုသယံဇာတများနှင့် သဘာဝအရင်းအမြစ်များကို ခေတ်မီတူးဖော်ရေးနည်းပညာများ အသုံးပြုထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းလုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ရာသီဥတု၊ သယံဇာတ၊ လုပ်အား၊ ဈေးကွက်စသည်တို့ ပြည့်စုံသည့်တိုင် နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု၊ အတွေ့အကြုံတို့ လိုအပ်နေသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ မဟာဗျူဟာကျသော တည်နေရာနှင့် ရုရှားနိုင်ငံ၏

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

နည်းပညာ၊ အတွေ့အကြုံတို့ ပေါင်းစပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ပြီး အပြန်အလှန်အကျိုးပြုသော စီးပွားရေးအောင်မြင်မှုများရရှိနိုင်မည့် အလားအလာက ကြီးမားသည်။

အမှာစကားပြောကြားမှုအပြီးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဆုတံဆိပ် (Medal of Merit) အား ချီးမြှင့်ပေးအပ်သည်။

၂၀၂၆ ခုနှစ် ရုရှား- မြန်မာ စီးပွားရေးဖိုရမ် ကျင်းပသည့် G.V. Plekhanov စီးပွားရေးတက္ကသိုလ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တည်ရှိပြီး ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်အသုံးပြုသည့် အဆင့်မြင့်ပညာရေးဌာနဖြစ်သည်။ အဆိုပါတက္ကသိုလ်သည် စီးပွားရေးပညာရပ်များသာမက သိပ္ပံနှင့်နည်းပညာဘာသာရပ်များ၊ ဒီဂျစ်တယ်နည်းပညာနှင့် အအေးနည်းပညာများပါ သင်ကြားပေးလျက်ရှိသည်။ တက္ကသိုလ် တည်ထောင်မှုသက်တမ်း နှစ်ပေါင်း ၁၁၉ နှစ် ရှိပြီဖြစ်ပြီး နိုင်ငံပေါင်း ၇၅ နိုင်ငံမှ နိုင်ငံတကာ ကျောင်းသားများအပါအဝင် ကျောင်းသား ကျောင်းသူပေါင်း ၁၄၀၀၀ ကျော်ကို မွေးထုတ်ပေးခဲ့သော ထင်ရှားကျော်ကြားသည့် တက္ကသိုလ်တစ်ခုလည်း ဖြစ်သည်။ နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာ ချိတ်ဆက်မှုများ ခိုင်မာအားကောင်းစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ထင်ရှားသည့် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ၊ ပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခဲ့ရုံမျှမက ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သည့် တက္ကသိုလ်ကြီးလည်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား G.V. Plekhanov စီးပွားရေးတက္ကသိုလ်က ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခြင်း အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာ့အာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခြင်းနှင့်ပတ်သက်၍ ဘုတ်အဖွဲ့၏သဘောထားဆန္ဒကိုရယူပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။



ဩဂုတ် ၁၉ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို တက္ကသိုလ်ပါမောက္ခချုပ် Mr. LOBANOV Ivan Vasilyevich က ချီးမြှင့်အပ်နှင်းစဉ်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြသည်။ ၎င်း၏ တင်ပြချက်တွင် "ယနေ့ ဘွဲ့နှင်းအခမ်းအနားတွင် ဘွဲ့အပ်နှင်းခြင်းဆိုင်ရာ ဘုတ်အဖွဲ့အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းအပေါ် ဘုတ်အဖွဲ့အနေဖြင့် တညီတညွတ်တည်း ထောက်ခံခဲ့ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်တစ်ခုပင် ဖြစ်ပါကြောင်း၊ ထိုသို့ ထောက်ခံဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ပညာရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း" တို့ကို ထည့်သွင်းပြောကြားခဲ့ရာ မြန်မာနှင့် ရုရှားတို့၏ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် စီးပွားရေးနှင့်ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှာ မကြာတော့သည့် အနာဂတ်ကာလအတွင်း အရှိန်အဟုန်နှင့် ဖြစ်ထွန်းလာမည့် ပဏာမနိဒါန်းဟု ဆိုရမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် တက္ကသိုလ် ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းရန်အတွက် ဘုတ်အဖွဲ့၏ အဆုံးအဖြတ်ကိုရယူပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကား ပြောကြားရာတွင် "ပလက်ဟာနော့ဗ် တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းသည် မိမိတစ်ဦးတည်းကို ဂုဏ်ပြုခြင်းမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးကိုပါ ဂုဏ်ပြုခြင်းဖြစ်သည်ဟု မှတ်ယူပါကြောင်း" ပြောကြားခဲ့ပြီး ဆက်လက်၍ ယခုဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခံရမှုမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊ သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန်အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍ မြှင့်တင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သလို နှစ်နိုင်ငံကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုကြောင်းကိုလည်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တည်းခိုရာဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

နှစ်ဖက်တွေ့ဆုံ ဆွေးနွေးမှုများအတွင်း နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်တွင် မြန်မာအာကာသအေဂျင်စီနှင့် Roscosmos တို့အကြား အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေး၊ ဂြိုဟ်တုအခြေပြု ရှာဖွေကယ်ဆယ်ရေးစနစ် (COSPAS-SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ် တိုင်းတာရေးစခန်း (One Way Station) နှင့် ကမ္ဘာ့အနီး အာကာသအန္တရာယ် အလိုလျောက် သတိပေးစနစ် (ASPOS) တို့ကို လက်တွေ့ ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် နားလည်မှုစာချွန်လွှာများ၊ စာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ မြန်မာနိုင်ငံမှ အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုအခြေပြုကာကွယ်ရေးစနစ် (COPAD-SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ် တိုင်းတာရေးစခန်း (One Way Station)၊ ကမ္ဘာ့အနီး အာကာသအန္တရာယ် အလိုအလျောက် သတိပေးစနစ် (ASPOS)၊ Rassvet အနိမ့်ပျံဆက်သွယ်ရေးဂြိုဟ်တုစနစ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ နာနိုဂြိုဟ်တု တည်ဆောက်လွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား အာကာသကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံ၏ အာကာသနည်းပညာမှာ အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စွမ်းဆောင်ကြိုးပမ်းမှုများပင်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်) ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ညနေပိုင်းတွင် မော်စကိုမြစ်အတွင်း မြစ်တွင်းသွား ရှုခင်းကြည့်သင်္ဘောဖြင့် မော်စကိုမြစ်တစ်လျှောက် လိုက်ပါစီးနင်း ကြည့်ရှုခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတကာဆက်ဆံရေးများ ကောင်းမွန်စေရေး၊ လုပ်ငန်းခွင်များတွင် ဆက်ဆံရေးများကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်၊ နိုင်ငံ့အရေးဆောင်ရွက်ရာတွင် ကောင်းမွန်သည့်စိတ်များဖြင့် ဆောင်ရွက်လိုသည့် စိတ်များမွေးရန်၊ နိုင်ငံတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများနှင့် အခြေအနေမှန်ကို မသိရှိသည့် နိုင်ငံတကာမှ ကျောင်းသားများ သိရှိအောင် ဆောင်ရွက်ကြရန်၊ မြန်မာဆိုသည့်စိတ်ဖြင့် နေထိုင်ကြရန်၊ ပညာတော်သင်တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုများသည် နိုင်ငံ့အကျိုးအတွက် အထောက်အကူပြုနိုင်ရန်၊ ဘာသာစကား၊ စာပေများနှင့် နည်းပညာများကို မျက်ခြည်မပြတ် လေ့လာနေရန်၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ကြရန်တို့ကို မှာကြားသည်။

နိုင်ငံတော်အကြီးအကဲများ ပြည်ပသို့ ရောက်ရှိခိုက် မိမိနိုင်ငံသံရုံး၊ စစ်သံရုံး၊ ပညာတော်သင်များနှင့် မိမိနိုင်ငံသား အသိုက်အဝန်းများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်း၊ အမှာစကားပြောကြားခြင်းတို့က အဆုံးအမနှင့် လုပ်ငန်းလမ်းညွှန်သဖွယ်ဖြစ်သကဲ့သို့ တစ်ပြည်တစ်ရွာတွင် ရောက်ရှိနေခိုက်ဖြစ်၍ စိတ်ဓာတ်ခွန်အားကိုလည်း ဖြစ်စေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၀**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူများထံ လူသားချင်းစာနာမှု အကူအညီများ ထိရောက်စွာ ရောက်ရှိစေရေးအတွက် UN ၏ လုပ်ငန်းများကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်ဘက်မှ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ UN အဖွဲ့အစည်းများနှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူများအတွက် ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာရေး၊ နှစ်ဖက်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

အစည်းအဝေးသို့ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ ကော်မတီဝင်အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်ပြီး အများနှင့်နည်းတူ တူညီသည့် အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိအောင် ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများကို အပြည့်အဝအကောင်အထည်ဖော်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် သွားလာရေး အခွင့်အလမ်းများ တူညီစွာဖန်တီးပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် ကွဲပြားနေသည့် မသန်စွမ်းသူများနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်ပေးနေကြသည့် မိဘဆွေမျိုးများ သိရှိထားသင့်သည့် အချက်အလက်များနှင့် အကူအညီရယူရန် လိုအပ်သည့် အချက်အလက်များကို စိစစ်ဖော်ထုတ်ပြီး လူထုကိုမျှဝေနိုင်ရန် အမျိုးသားကော်မတီကတစ်ဆင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအပေါ် လျောင်ပြောင်သရော်မှုပပျောက်စေရန်နှင့် လူ့အခွင့်အရေးအပေါ်အခြေခံသည့် အမြင်ပျံ့နှံ့စေရန်ကိုလည်း ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများဆိုင်ရာအရေးကိစ္စများကို ဆောင်ရွက်ရာတွင် လွယ်ကူစွာ သွားလာနေထိုင်အသုံးပြုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ အနေဖြင့် Myanmar National Building Code နှင့်အညီ သတ်မှတ်ဘတ်ဂျက်ခွင့်ပြုငွေအတွင်း ဦးစားပေးကဏ္ဍများ သတ်မှတ်ဖော်ထုတ် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပညာသင်ယူနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ကျောင်းကိုးကျောင်း ဖွင့်လှစ်ထားရှိပြီး စနစ်တကျ ပြုစုစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ ရက်(၁၀၀)အတွင်း နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်းကို ထပ်မံဖွင့်လှစ်ပေးခဲ့ပြီး မသန်စွမ်းကလေးငယ်များကို စတင်စောင့်ရှောက်ပေးနေပြီဖြစ်ကြောင်း။

မသန်စွမ်းသူများ မှီခိုမှုအနည်းဆုံးဖြင့် ရှင်သန်ရပ်တည်နိုင်ရန် ပညာသင်ယူမှုအပါအဝင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်ပြီးချိန်တွင် လက်တွေ့လုပ်ငန်းခွင်ထဲ ဝင်ရောက်နိုင်ရန် နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကကဏ္ဍကပါ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မတူညီသည့်မသန်စွမ်းမှုများအလိုက် သာလွန်စွမ်းဆောင်နိုင်မှုအရ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများကို စီးပွားရေးလုပ်ငန်းအပြင် လူမှုအသိုက်အဝန်း၊ ယဉ်ကျေးမှု၊ အားကစားနှင့် အနုပညာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် မသန်စွမ်းသူများကို ဆေးရုံဆေးခန်းများတွင် တန်းစီစောင့်ဆိုင်းစရာမလိုဘဲပြသနိုင်ရန်နှင့် ဦးစားပေးအစီအစဉ်ဖြင့် ကုသပေးရန်၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ၊ ခွတ်ခွဲစမ်းသပ်မှုများ၊ ပုံရိပ်ဖော်နည်းပညာဖြင့် ရောဂါရှာဖွေသည့်အခါတွင် ဦးစားပေးအုပ်စုအနေဖြင့် အခမဲ့ဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများသည် သဘာဝဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ပိုမိုထိခိုက်ခံစားရနိုင်ခြေ မြင့်မားသူများဖြစ်ကြသောကြောင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

မသန်စွမ်းသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုအစိုးရနှင့်အတူ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးကို အားပေးခြင်းသည် လူမှုတရားမျှတမှုအတွက် အခြေခံတာဝန်အဖြစ် မှတ်ယူပြီး နိုင်ငံတော်၏ ဦးဆောင်မှုတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ယနေ့အစည်းအဝေးတွင် မသန်စွမ်းသူများအတွက် ထိရောက်အကျိုးရှိစေမည့် အကြံပြုချက်များကို ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ အမျိုးသား ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ ကော်မတီဝင် မသန်စွမ်းကိုယ်စားလှယ်များက ဆောင်ရွက်ပေးစေလိုသည့်အချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံ



**ရန်ကုန် ဩဂုတ် ၂၀**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး နဝရတ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုအဆင့် လွှတ်တော်များအကြောင်း၊ မြန်မာ့နိုင်ငံရေး အခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြား၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က တိုင်းဒေသကြီးလွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ အပြီး နိုင်ငံရေးအခင်းအကျင်းသစ်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေး မဏ္ဍိုင် စသည့်မဏ္ဍိုင်ကြီး(၃)ရပ် အပြန်အလှန်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်နှင့် ပြည်သူလူထုပူးပေါင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသခံမဲဆန္ဒရှင် ပြည်သူလူထု၏ လိုအပ်ချက်များကို ထင်ဟပ်သည့် မေးခွန်းများ၊ အဆိုများကို လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး လွှတ်တော်တွင် တင်ပြဆွေးနွေး၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊ လက်ရှိအခြေအနေနှင့် ကိုက်ညီသောဥပဒေများ ပြင်ဆင်ဖြည့်စွက်အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်စေလိုကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး ဒေသ၏အကျိုးကို ထိရောက်စွာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးအတွက် အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမကို လှည့်လည်ကြည့်ရှုကာ အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းကိုယ်စားပြု အားကစားသမားများပေါ်ထွက်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်လိုအပ်





**နေပြည်တော် ဩဂုတ် ၂၀**

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်ပြီး တိုင်းကိုယ်စားပြု အားကစားသမားများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အားကစားခန်းမနှင့် အားကစားကွင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့သည်။

**ပြုစုပျိုးထောင်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် တောင်ငူခရိုင် အားကစားကွင်း အဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် အားကစားကွင်းမြေနေရာတိုးချဲ့ရေးနှင့် ဌာနပိုင်မြေလွှဲမိန့်များ ရရှိစေရေး အလေးထားဆောင်ရွက်သွားစေလိုကြောင်း၊ အားကစားကွင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန်၊ Inner Fencing များကို စနစ်တကျ ပြန်လည်ကာရံပြုပြင်သွားရန်၊ လူငယ်လူရွယ်များ အားကစားကွင်းအတွင်း အားကစားလှုပ်ရှားမှုများ နေ့စဉ်မပြတ်လာရောက်လေ့ကျင့် ကစားနိုင်စေရေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်ပြီး တိုင်းကိုယ်စားပြု အားကစားသမားများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားပြီး တောင်ငူခရိုင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting ) ကျင်းပပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၉) ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting )ကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Chatrium Grand Hotel ရှိ Grand Ballroom ၌ ကျင်းပပြုလုပ်သည်။




အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ukris Boonta–nondha နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်General Ukris Boonta–nondha တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။**(အပေါ်ယာပုံ)**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့ တပ်မတော်နှစ်ရပ်ကြား အမြင့်ဆုံးအဆင့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်ပြီး မိမိတို့၏ ချစ်ကြည်ရေးနှင့် နီးကပ်သော ဆက်ဆံရေးကို လက်တွေ့ကျကျ ခိုင်မာစေရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းထားရန်၊ နှစ်နိုင်ငံပြည်သူများ ပိုမိုကောင်းမွန်သော လူနေမှုဘဝ၊ သာယာဝပြောမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ခံစားရရှိစေရန်ဟူသော တူညီသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တပ်မတော်နှစ်ရပ်ကြားရှိ နီးကပ်သော ဆက်ဆံရေးသည် နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စိန်ခေါ်မှုများနှင့် အခက်အခဲမှန်သမျှကို အတူတကွ ကျော်လွှားနိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်ပါကြောင်း။

မိမိတို့ တပ်မတော်နှစ်ရပ်၏ ခိုင်မာသော ကတိကဝတ်နှင့် သန္နိဋ္ဌာန်တို့ဖြင့် ယနေ့အစည်းအဝေးသည် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပြီး အတူတကွ သတ်မှတ်ထားသော ရည်မှန်းချက်များ အားလုံးကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တင်ပြခဲ့သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးဆိုင်ရာ လက်တွေ့ကျသောစီမံဆောင်ရွက်ချက်များသည် လုံခြုံရေး၊ ဘေးကင်းရေးနှင့် အပြန်အလှန် နားလည်မှုတို့ကို အထောက်အကူပြုမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အနာဂတ်တွင် နယ်ပယ်အသီးသီး၌ ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများဆီသို့ ဦးတည်သွားမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူများ၏ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟောင်းများထားရှိခဲ့သော ကတိကဝတ်များကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟု ထပ်လောင်းအတည်ပြုပါကြောင်း၊ ဤကတိကဝတ်များသည် ဆက်လက်တည်တံ့နေမည်ဖြစ်ပြီး မိမိတို့ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းကာ ဆက်ဆံရေးကို ပိုမိုနီးကပ်ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် HLC အစည်းအဝေးအား တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းညွှန်ချက်များချမှတ်ရန်၊ ဒေသအဆင့် နယ်ခြားကော်မတီ(RBC)နှင့် မြို့နယ်အဆင့် နယ်ခြားကော်မတီ (TBC) တို့၏ လုပ်ငန်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင်ရန်၊ မြန်မာ-ထိုင်းနယ်စပ်ဒေသတွင် နေထိုင်သည့် နှစ်နိုင်ငံ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တိုးတက်အောင်ဆောင်ရွက်ရန်၊ မြန်မာ-ထိုင်း နယ်စပ်ရှိ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားစိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့တပ်မတော်နှစ်ရပ်အကြားတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန် နားလည်ယုံကြည်မှုများကို ပိုမိုတိုးမြှင့်တည်ဆောက်ရန်အတွက် အစည်းအဝေးများကို ပုံမှန်ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ကျင်းပပြုလုပ်သည့် (၃၈)ကြိမ်မြောက် ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေး (38th RBC) ကို ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ကျိုင်းတုံမြို့၌ မြန်မာဘက်မှ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ကြောင်း၊ ထို့အပြင် ရေတပ်နှင့်လေတပ်ပိုင်းဆိုင်ရာများတွင်လည်း ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ၊ အစည်းအဝေးများနှင့် အပြန်အလှန် အလည်အပတ်ခရီးစဉ်များ ပြုလုပ်လျက်ရှိပြီး တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုကျင်းပသည့် တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများကော်မတီ အစည်းအဝေးမှ တစ်ဆင့်လည်း မိမိတို့ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုခိုင်မာအားကောင်းလာစေရန် တည်ဆောက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

HLC အစည်းအဝေးသည် နှစ်နိုင်ငံပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်သော အစည်းအဝေးဖြစ်ကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ပုံဖော်ဖန်တီးရာတွင် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် (၃၈)ကြိမ်မြောက် ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ရလဒ်များအား ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) ဒုတိယစစ်တိုင်းဒေသမှူး Major General Narongrit Panigabutr ကလည်းကောင်း၊ တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပူးတွဲအတွင်းရေးမှူးအဖွဲ့ အစည်းအဝေး (JSM) အစည်းအဝေးတွင် အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့သည့် အကြောင်းအရာများကို HLC ပူးတွဲ အတွင်းရေးမှူး နယ်စပ်ရေးရာညွှန်ကြားရေးမှူးချုပ် Lieutenant General Chumphot Nurakkate ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ထိုင်း – မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဥက္ကဋ္ဌများဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာအချက်အလက်များကို အတည်ပြုဆုံးဖြတ်ပေးကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးပိတ်ပွဲမိန့်ခွန်းများ ပြောကြားကာ (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting) သဘောတူညီချက်များကို လက်မှတ်ထိုးပြီး အပြန်အလှန် လဲလှယ်၍ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လေထုညစ်ညမ်းမှုတိုင်းတာသည့် စက်ကိရိယာ နှစ်စုံကို လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် နှစ်နိုင်ငံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(၉)ကြိမ်မြောက် ထိုင်း- မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting)၏ ပူးတွဲအတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို ဘန်ကောက်မြို့၌ ဩဂုတ်လ ၁၆ ရက်မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး ထိုင်း – မြန်မာ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အစည်းအဝေးများ အပြန်အလှန်ကျင်းပပြုလုပ်ရေး ကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စစ်ဘက်ယဉ်ကျေးမှုဖလှယ်ရေး ကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းရာဇဝတ်မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းလုံခြုံမှုနှင့် ဘေးကင်းမှုမြှင့်တင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော် တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရေကြီးမှုကြိုတင်သတိပေးစနစ်အတွက် အလိုအလျောက်တာဝေးတိုင်းတာရေးစခန်းများဖွင့်လှစ်ရေး၊ နယ်နိမိတ်နှင့် နယ်စပ်မြစ်များ ရေညစ်ညမ်းမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးနိုင်ခဲ့ကြပြီး (၁၀)ကြိမ်မြောက် မြန်မာ- ထိုင်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၂၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သံဖြူဇရပ်မြို့၌ ရှေ့တန်းပြန်စစ်သည်များအား ကြိုဆို



**သံဖြူဇရပ် ဩဂုတ် ၂၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ရခိုင်ရှေ့တန်းပြန်စစ်သည်များအား ကြိုဆိုပွဲကို ဖောင်စိန်ရပ်ကွက်ရှိ နယ်ခြေခံတပ်၌ ပြုလုပ်ရာ ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်မိသားစုများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ခန့်က အောင်သပြေနှင့် ပန်းကုံးများဖြင့် ကြိုဆိုခဲ့ကြပြီး စစ်ရေးပြကွင်း၌ တပ်နယ်မှူးက ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြား၍ ရှေ့တန်းပြန်စစ်သည်များအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ်သိန်း ၃၀ ကို ပေးအပ်ကာ ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၅၀ အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်ပင် နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး

# ပထမဆုံးသော ဥပဒေအသိပညာ ဒီပလိုမာသင်တန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့သော ဥပဒေအသိပညာဒီပလိုမာသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်း




**နေပြည်တော် ဩဂုတ် ၂၀**

ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေအသိပညာ ဒီပလိုမာ (Diploma in Legal Advocacy – DLA) သင်တန်းကို ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ဥပဒေပညာမိတ်ဆက် ဘာသာရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဘာသာရပ်၊ ဥပဒေမူကြမ်းများ စိစစ်ရေးဆွဲရေးဆိုင်ရာ ဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေများဆိုင်ရာ ဘာသာရပ်၊ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ ဘာသာရပ်၊ အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဘာသာရပ်၊ ရာဇဝတ်ဆိုင်ရာ ဥပဒေဘာသာရပ်နှင့် တရားမကျင့်ထုံး ဥပဒေဆိုင်ရာ ဘာသာရပ်များအား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း၌ ကျင်းပပြီး သင်တန်းသားများ ပြုစုရေးသားထားသည့် သုတေသနစာတမ်းများ အနက် The Public Administrative Capacity for the Enforcement of the Anti–Corruption Law၊ မြန်မာနိုင်ငံ၏ ခိုင်မာအားကောင်းသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ရပ် တည်ဆောက်ရေးအတွက် နှစ်နိုင်ငံအပြန်အလှန် စံပြုရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ပြုစုရေးဆွဲရေး ကိစ္စရပ်အပေါ် လေ့လာသုံးသပ်တင်ပြခြင်း၊ မြန်မာနိုင်ငံအစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မူဘောင်အား ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဥပဒေများနှင့် နှိုင်းယှဉ်လေ့လာခြင်း စာတမ်းများကို ဖတ်ကြားကြသည်။

ဥပဒေအသိပညာဒီပလိုမာ (Diploma in Legal Advocacy – DLA) သင်တန်းအား အစိုးရဌာန၊ အစိုးရဌာနအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေရေးရာ အခြေခံသဘောတရားများကို သိရှိနားလည်စေရန်၊ ဥပဒေရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ဥပဒေဝန်ဆောင်မှုများကို သိရှိနားလည်စေရန်၊ လုပ်ငန်းတာဝန်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရန်နှင့် ဥပဒေကို သိရှိနားလည်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုသင်တန်းသို့ အစိုးရဌာနအဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအပါအဝင် သင်တန်းသား ၅၀ ဖြင့် စာသင်ကာလ ရှစ်လ၊ ဥပဒေသုတေသနစာတမ်းပြုစုရေးသားရန် လေးလ သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက "ဥပဒေရေးရာ အသိပညာ ပြန့်ပွားရေး ဆောင်ရွက်ခြင်းနှင့် ဥပဒေဆိုင်ရာသုတေသနပြုခြင်း" တာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အဆင့်မြင့်အရာရှိများအနေဖြင့် ဥပဒေအသိပညာရှိရမည်ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများ ဖွင့်လှစ်သင်ကြားနေသည့်အပြင် ယခု ဥပဒေအသိပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)ကို ပထမဆုံးသော ဥပဒေအသိပညာဒီပလိုမာသင်တန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

သတင်းစဉ်



# နမ့်စန်မြို့နယ်ရှိ တောင်သူများအတွက် နေကြာ၊ ပဲပုပ် မျိုးစေ့များနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၀**

နမ့်စန်မြို့နယ်၌ စိုက်ပျိုးထားရှိသော နေကြာမျိုးစေ့ထုတ် ၁၀ ဧက၊ ပဲပုပ်မျိုးစေ့ထုတ် လေးဧက၊ အစေ့ထုတ်ပြောင်း ပဲစင်းငုံ သီးညှပ်စိုက်ခင်း ၁၄ ဧကနှင့် ပဲစင်းငုံ ၂၄ ဧက စိုက်ကွင်းများကို ကြည့်ရှုအားပေးပြီး တောင်သူများအတွက် နေကြာ၊ ပဲပုပ်မျိုးစေ့များနှင့် ဓာတ်မြေဩဇာများကို ယမန်နေ့က ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ပြီး နမ့်စန်ဒေသ၏ နေကြာ၊ ပဲပုပ်၊ ပြောင်း စသည့်သီးနှံများ နှစ်ရှည်ပင်များ စိုက်ပျိုးရန်နှင့် မွေးမြူရေးတိရစ္ဆာန်များ မွေးမြူရန် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေးနှင့် ထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဌာနက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ရင်းနှီးမတည်ငွေနှင့် စိုက်ပျိုးရေးရရှိရေးအတွက် ဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ စိုက်ပျိုးမြေများ တည်ငြိမ်စွာ ရေရှည်လုပ်ကိုင်နိုင်ရေးအတွက် လယ်ယာမြေဥပဒေနှင့်အညီ ဖြစ်စေရေး၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် နမ့်စန်ကျေးရွာအုပ်စု ထင်ရှူးမြိုင်ကျေးရွာရှိ ပုဂ္ဂလိကနို့စားနွားမွေးမြူရေးခြံ၊ နမ့်စန်မြို့ရှိစိုက်ပျိုးရေးဦးစီးဌာနမဏ္ဍလေးမီးယားသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံရှိ မဏ္ဍလေးမီးယားနှင့် ကော်ဖီစိုက်ခင်းများ၊ အမှတ်(၂)ရွာရှိ ပုဂ္ဂလိက အစေ့ထုတ်ပြောင်းခြွေလှေ့စက်ရုံနှင့် ထုပ်ပိုးသိုလှောင်လုပ်ငန်း၊ အသေးစား၊ အလတ်စား(MSME) ကုန်ချောထုတ်လုပ်ငန်း အလုပ်ရုံတို့ကို ကြည့်ရှုအားပေးပြီး ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီ သီးနှံဌာနခွဲ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေးနှင့် လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရမည့်လုပ်ငန်းများနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက်ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးနှင့် စက်သုံးဆီ၊ စားသုံးဆီများ အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးနိုင်ရေး အလေးထားဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**

ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ရေး၊ စက်သုံးဆီ၊ စားသုံးဆီများ အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးရေး၊ CMP လုပ်ငန်းများ တိုးမြှင့်ရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်ပြီး ကြန့်ကြာမှုမရှိရေး အလေးထားဆောင်ရွက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃)၌ ကျင်းပသည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၂/ ၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ပြောကြားခဲ့သည်။

ထို့ပြင် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ တိုးတက်ကောင်းမွန်စေရေးအတွက် အခြေခံကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပို့ကုန်များ နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာ စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# မန္တလေးမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်တွင်းအခွန်များဦးစီးဌာန မဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က မြန်မာနိုင်ငံ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးလုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

ဘုန်းမြတ်

နိုင်ငံသာယာ
ဝပြောဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့။

# မဲခေါင်-လန်ချန်းကျေးရွာအဆင့်ဆင်းရဲမှု လျှော့ချရေးဆိုင်ရာ စံပြကျေးရွာဆောင်ရွက်ခြင်း စီမံကိန်းပြီးမြောက် အိမ်ထောင်စု ၁၈ဝ၊ လူဦးရေ ၇၂၆ ဦး အကျိုးပြုပေးနိုင်






နေပြည်တော် ဩဂုတ် ၂၀
မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည့် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ တိုးချဲ့ဆောင်ရွက်ခြင်းစီမံကိန်းသည် ကျေးရွာ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသော စီမံကိန်းဖြစ်ပြီး အိမ်ထောင်စု ၁၈ဝ၊ လူဦးရေ ၇၂၆ ဦးကို အကျိုးပြုပေးနိုင်ခဲ့ကြောင်း အဆိုပါ စီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားမှ သိရသည်။

အခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာ ယာယီရှင်းလင်းဆောင်၌ ကျင်းပခဲ့ပြီး ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာဆောင်ရွက်ခြင်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေး၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စီမံကိန်းမှ ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများကို မိမိတို့ပိုင်ပစ္စည်းကဲ့သို့ Ownership Mindset မွေးမြူပြီး ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Shen Dan(မစ္စတာရှန်ဒန်)က တရုတ်-မြန်မာ နှစ်နိုင်ငံ မဲခေါင်-လန်ချန်းစီမံကိန်း ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စီမံကိန်းဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး စီမံကိန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများနှင့် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ယင်းအပြင် ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဟင်္သာတမြို့နယ်နှင့် လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ရေဘေးသင့်ပြည်သူများအတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အလှူငွေကျပ် သိန်း ၁၀ဝ၊ တစ်ကိုယ်ရေသုံး ကျန်းမာရေးပစ္စည်းများနှင့် ရေသန့်စင်စက်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေထိန်းတံခါးများနှင့် ရေဘေးကာကွယ်ရေး တာတမံများ ဘေးကင်းလုံခြုံရေး စစ်ဆေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရှိ အရှေ့ဆင်ရွာတာ၊ အနောက်ဆင်ရွာတာ၊ မြို့ဆိုး ရေအိုးစင်ရေကျော်တာ၊ ဝါးတီးတာ၊ ဝါးတီးဝက်ဖြူကုန်းတာနှင့် ရွှေကာဇောင်းတာများ ရေစိမ့်မှုနှင့် အားနည်းနေရာ ချို့ယွင်းချက်များကို စောစီးစွာ သိရှိနိုင်ရန် တာအတွင်းဘက်ခြမ်း လျှောစောက်မျက်နှာပြင်နှင့် တာအောက်ခြေတို့ကို ရှင်းလင်းပြီး စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် အဆိုပါ တာတမံများ ထိန်းသိမ်းကာကွယ်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် တာဝန်ရှိသူများ၊ ရေကင်းစခန်းလုပ်သားများနှင့် တွေ့ဆုံစဉ် ဆွေးနွေးမှာကြားသည်။

အဆိုပါတွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းက တောင်ငူမြို့ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကျင်းပခဲ့ပြီး အရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို စာတွေ့လက်တွေ့အသိပညာပေးဆောင်ရွက်နိုင်ရေး၊ တာစစ်ဆေးပုံနည်းလမ်းများ မှန်ကန်မှုရှိစေရေးနှင့် တိကျသော ညွှန်ကြားချက်များ ထုတ်ပြန်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူးမြို့) အစည်းအဝေးခန်းမ၌ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသတွင်းစိုက်ပျိုးသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေကြီးရေလျှံမှုကြောင့် သီးနှံပျက်စီးဆုံးရှုံးမှု လျော့ပါးစေရေး၊ ရှားပါးဒေသငါးမျိုးစိတ်များ မွေးမြူသားဖောက်ဖြန့်ဖြူးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးပြောကြားသည်။

အလားတူ ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းက ပဲခူး - စစ်တောင်းတူးမြောင်းသို့ ရေကူပေးရန် တည်ဆောက်ထားသောပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ မိုးယွန်းကြီးအင်းရေပိုလွှဲနှင့် မိုးယွန်းကြီး ရေထိန်းတံခါးကြွဲခိုင်မှုနှင့် မိုးယွန်းကြီး-ဇွဲဘတ်တာ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအောက် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မိုးယွန်းကြီး - ဇွဲဘတ်တာ၊ ပုကိုင်တာ၊ ပဲခူး -စစ်တောင်းတူးမြောင်းတာ၊ ပုဂံ -ညောင်ပင်တာနှင့် စစ်တောင်းမြစ်တာ စသည့် တာတမံများ ထိန်းသိမ်းကာကွယ်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် တာဝန်ရှိသူများ၊ ရေကင်းစခန်းလုပ်သားများနှင့် တွေ့ဆုံ၍ စိုးရိမ်ရေမှတ် မရောက်မီကပင် ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ရန်၊ လိုအပ်သောနေရာများသို့ အရေးပေါ်ပစ္စည်းများ ကြိုတင်ပို့ဆောင်ထားရှိရန်၊ ဒေသခံပြည်သူများကို အရေးပေါ်ကာကွယ်ရေး နည်းလမ်းများ အသိပညာပေး ဆောင်ရွက်ရန်၊ ရေတံခါးများ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်ရန်၊ ရေပိုလွှဲ ကြံ့ခိုင်မှုအခြေအနေနှင့် ရေစီးဆင်းရာလမ်းကြောင်းများ ကြိုတင်စစ်ဆေးရန် မှာကြား၍ ရေကင်းလုပ်သားများ တင်ပြလာသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပဲခူးမြစ်တာ၌ ရေဘေးကြိုတင်ကာကွယ်ဆောင်ရွက်နေမှုနှင့် ရေကင်းစခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Barnaby Jones အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၀
ဝန်ကြီးဌာနနှင့် UNHCR တို့အကြား လုပ်ငန်းများ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (Office of the United Nations High Commissioner for Refugees – UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Barnaby Jones အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လူသားချင်းစာနာမှု အကူအညီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုများ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ဗီဇာနှင့် ပြည်တွင်းခရီး သွားလာခွင့်ရရှိရေးဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

စီဒရာအိုသည် ဘရာဇီး၏ Matelândia၊ Palotina၊ Santa Helena စသည့် ကလပ်များကို ကိုင်တွယ်ကာ Paranâ ပြည်နယ်ချန်ပီယံဆုများ ရရှိခဲ့ပြီး အသင်းများကို အဆင့်မြင့်တန်းသို့ အစဉ်တစိုက် ပို့ဆောင်ပေးနိုင်ခဲ့၍ "King of Promotion" ဟု အမည်ကျော်ကြားသူဖြစ်သည်။

၎င်းသည် Matelândia အသင်းတွင် ၉ ရာသီ၊ Santa Helena တွင် ၄ ရာသီကြာ တာဝန်ယူ၍ အသင်းကို စနစ်တကျ တည်ဆောက်ပေးခဲ့သလို Missal Futsal ကိုလည်း Série Prata ဆီမီးဖိုင်နယ်အထိ ပို့ဆောင်ပေးခဲ့သည်။

National School of Futsal Coaches တွင် နည်းပြပညာရပ်များ လေ့လာသင်ယူခဲ့ပြီး CBFS–License 3 ရရှိထားသည့် စီဒရာအိုသည် ဘရာဇီးထိပ်တန်းနည်းပြများဖြစ်သည့် Marqu–inhos Xavier နှင့် Fernando Ferretti တို့ထံတွင် အဆင့်မြင့် ဖူဆယ်နည်းစနစ်များကို လေ့လာဆည်းပူးခဲ့သူလည်း ဖြစ်သည်။

တိုက်စစ် ကစားဟန်နှင့် ပြင်ဆင်ထားသည့် ကစားကွက် (Set Plays) များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သည့်အပြင် ထိုင်း ဖူဆယ်လောကတွင် တာဝန်ထမ်းဆောင်ခဲ့ဖူး၍ အာရှဖူဆယ် ကစားဟန်ကိုလည်း ကောင်းစွာ ရင်းနှီးထားသည်။

ဘရာဇီး နည်းစနစ်နှင့် အာရှအတွေ့အကြုံများ ပေါင်းစပ်ထားသည့် နည်းပြသစ်၏ ဦးဆောင်မှုဖြင့် YRG ဖူဆယ်ကလပ် အောင်မြင်မှုသစ်များ ရရှိလာမည်ဟု ယုံကြည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ–YRGFC**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ။

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ပြန့်ပွားမှု မထိန်းချုပ်နိုင်သေးဟု WHO ပြော




ဂျီနီဗာ ဩဂုတ် ၂၀

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ဝေးကွာနေဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ပြောကြားသည်။

မေလအတွင်းမှ စတင်ပျံ့နှံ့ခဲ့သည့် အဆိုပါ ဗိုင်းရပ်စ်သည် နိုင်ငံအတွင်း ဆက်လက် ကူးစက်ပျံ့နှံ့နေဆဲဖြစ်သည်။ ယင်းကာလအတွင်း လူပေါင်း ၅၀၀၀ နီးပါး ရောဂါကူးစက်ခံရပြီး ၂၃၀၀ ကျော် သေဆုံးခဲ့ရသည်။ ယခုတစ်ကြိမ် ရောဂါဖြစ်ပွားမှုမှာ ယခင်အီဘိုလာကူးစက်မှုများထက် ပိုမိုလျင်မြန်ကြောင်း ဩဂုတ် ၁၈ ရက်က ပြုလုပ်သည့် ကျွမ်းကျင်သူများ အစည်းအဝေးတွင် တက်ဒရို့စ်က ပြောကြားသည်။

လက်ရှိတွင် အီဘိုလာရောဂါကို ဖြစ်ပွားစေသော ဘွန်ဒီဘူဂျိုဗိုင်းရပ်စ်အတွက် ထိရောက်သော ကာကွယ်ဆေး မရှိသေးကြောင်း ထုတ်ပြန်ထားပြီး ဆေးဘက်ဆိုင်ရာ အထောက်အပံ့များနှင့် ကျန်းမာရေးဝန်ထမ်းအင်အား တိုးမြှင့်ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆောင်ရွက်လျက်ရှိသည်။

လာမည့် သီတင်းပတ်များအတွင်း ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်း ၁၀၀၀ ကျော်ကို တာဝန်ချထားပေးရန် ရည်ရွယ်ထားကြောင်း အရာရှိများက ပြောသည်။ ထို့ပြင် လာမည့်လများအတွင်း ဆေးရုံခုတင်အရေအတွက်ကိုလည်း ၃၀၀၀ အထိ တိုးမြှင့်ရန် စီစဉ်ထားကြောင်း ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

## ဆော်ဒီအာရေဗျ အပါအဝင် ပင်လယ်ကွေ့နိုင်ငံများ၏ စွမ်းအင်ကဏ္ဍအတွက် ထောက်ပံ့ပေးမည်ဟု ဂျပန်ကတိပြု

တိုကျို ဩဂုတ် ၂၀

ဂျပန်နိုင်ငံသည် ဆော်ဒီအာရေဗျနှင့် အခြားပင်လယ်ကွေ့ငါးနိုင်ငံအတွက် စီးပွားရေးနှင့်စွမ်းအင်ကဏ္ဍတွင် ပိုမိုအားကောင်းစေရန် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ရေးဆွဲသွားမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှိမတ်ဆုက ပြောကြားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသား ဖိုင်ဇယ်ဘင်ဖာဟန်အယ်ဆွတ်နှင့် ရီယာ့ဒ်မြို့၌ ဩဂုတ် ၁၉ ရက်က တွေ့ဆုံခဲ့ကြရာ ၎င်းတို့သည် အလုပ်သဘော နေ့လယ်စာစားခြင်း အပါအဝင် နှစ်နာရီကြာဆွေးနွေးခဲ့ကြသည်။ ထို့နောက် အာရှဒေသရှိ အရန်ရေနံသိုလှောင်မှုများ မြှင့်တင်ရာတွင် အကူအညီပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ စွမ်းအင်အရင်းအမြစ်ကြွယ်ဝသည့်ဆော်ဒီနိုင်ငံနှင့်နီးကပ်သည့် ဆက်ဆံရေးတည်ဆောက်လိုကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။




ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးကလည်း ဂျပန်နိုင်ငံ၏ ပဏာမခြေလှမ်းကို ကြိုဆိုကြောင်းနှင့် အပြည်ပြည်ဆိုင်ရာဈေးကွက်အတွက် စွမ်းအင်ထောက်ပံ့မှုလုံခြုံမှုရှိရေး အပြုသဘော ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဒရုန်းလုံခြုံရေးအတွက် နည်းပညာစင်တာသစ် ဂျာမနီနိုင်ငံ၌ ဖွင့်လှစ်

ဘာလင် ဩဂုတ် ၂၀

မောင်းသူမဲ့လေကြောင်းစနစ်များ အသုံးပြုခြင်းနှင့် အရေးပါသော အခြေခံအဆောက်အအုံများကို ဖြစ်နိုင်ခြေရှိသော အလွဲသုံးစားမှုပြုလုပ်ခြင်းများမှ ကာကွယ်ရန် ဂျာမနီနိုင်ငံ၌ ဒရုန်းလုံခြုံရေးဆိုင်ရာ နည်းပညာ စင်တာသစ်ကို ဩဂုတ် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

ဆက်ဆိုနီ-အန်ဟတ်ပြည်နယ် ကော့စတက်မြို့တွင်ရှိသည့် အဆိုပါစင်တာကို ဂျာမနီပြည်ထဲရေးဝန်ကြီးဌာန၊ သုတေသန၊ နည်းပညာနှင့် အာကာသဝန်ကြီးဌာနနှင့် ဂျာမနီအာကာသစင်တာတို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစင်တာအသစ်သည် သုတေသနနှင့် လက်တွေ့အသုံးချမှုတို့အကြား ကွာဟချက်များကို ပေါင်းကူးပေးရန် ရည်ရွယ်ပြီး ဒရုန်းများ၏ ခြိမ်းခြောက်မှုများကို တားဆီးကာကွယ်ရန်နှင့် ထောက်လှမ်းရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းစင်တာ၌ အမှန်တကယ်ဖြစ်နိုင်သည့် အခြေအနေများအောက်တွင် အဆင့်မြင့် ဒရုန်းတားဆီးရေးနည်းပညာများကို စမ်းသပ်နိုင်မည်ဖြစ်ကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီး အလက်ဇန်ဒရား ဒိုဘရင့်က ပြောသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား၌ ငလျင်ဒဏ်သင့်ဒေသများအတွက် အစိုးရက အမေရိကန်ဒေါ်လာ နှစ်သန်းခွဲ ကနဦးထုတ်ပေး

ဂျကာတာ ဩဂုတ် ၂၀

အင်ဒိုနီးရှားအစိုးရသည် အရှေ့နူဆာ တင်ဂါရာပြည်နယ်ရှိ ငလျင်ဘေးဒဏ်သင့် ဒေသများ၌ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ရန် ကနဦးအမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းခန့် ထုတ်ပေးလိုက်သည်ဟု ဘဏ္ဍာရေးဝန်ကြီး ပဘရာ ယူဒီ ဆာဒေဝါ က ဩဂုတ် ၁၉ ရက်တွင် ပြောသည်။

အရေးပေါ် ကူညီထောက်ပံ့မှုများ အဆင်ပြေချောမွေ့စွာ ခွဲဝေပေးနိုင်ရေးနှင့် ရန်ပုံငွေရရှိမှုတို့သေချာစေရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆက်ပြောသည်။

ငလျင်ဒဏ်ခံဒေသများ၏ ဘဏ္ဍာရေးအခြေအနေကို အာဏာပိုင်များက စောင့်ကြည့်နေပြီး သဘာဝဘေးနှောင်းပိုင်းကာလ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရန်ပုံငွေများကို အကဲဖြတ်လျက်ရှိသည်။ ပျက်စီးမှုပမာဏနှင့် ငလျင်ဒဏ်ခံဒေသအသီးသီး၏ လိုအပ်ချက်များအပေါ် အခြေခံ၍ နောက်ထပ်ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆုံးဖြတ်သွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ပြန်လည်အသုံးပြုနိုင်သည့် ဒုံးပျံနည်းပညာ တရုတ်နည်းပညာကုမ္ပဏီ စမ်းသပ်

ပေကျင်း ဩဂုတ် ၂၀

တရုတ်နိုင်ငံ၏ အာကာသနည်းပညာ ကုမ္ပဏီသစ်တစ်ခုသည် ဂြိုဟ်တုတစ်စင်းကို အာကာသသို့ ပို့ဆောင်ပြီးနောက် ဒုံးပျံမှ ခွဲထွက်သွားသည့် အစိတ်အပိုင်းတစ်ခုကို မြေပြင်ပေါ်သို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

တရုတ် အာကာသနည်းပညာ ကုမ္ပဏီ LandSpace က ဩဂုတ် ၁၉ ရက်တွင် Zhuque-3 ဒုံးပျံကို နိုင်ငံအတွင်းပိုင်းရှိ ဂြိုဟ်တုလွှတ်တင်ရေး စခန်းတစ်ခုမှ အောင်မြင်စွာ လွှတ်တင်ခဲ့ပြီး ပြန်လည်အသုံးပြုနိုင်သည့် ဒုံးပျံအစိတ်အပိုင်းတစ်ခုကို မြေပြင်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ရန် စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သည်။

ထုတ်ပြန်ခဲ့သည့် ဓာတ်ပုံများတွင် ဒုံးပျံသည် အင်ဂျင်များကို မီးထွန်းအသုံးပြု၍ ဆင်းသက်မည့်နေရာသို့ ချဉ်းကပ်လာပြီး နောက်ဆုံးတွင် မတ်တပ်ရပ်သည့် အနေအထားဖြင့် မြေပြင်ပေါ်သို့ ဆင်းသက်ခဲ့သည်ကို တွေ့ရသည်။ **အင်န်အိတ်ချ်ကေ**




## အသက် ၁၈ နှစ်အောက် အသုံးပြုသူများအတွက် ChatGPT ဗားရှင်းသစ် OpenAI မိတ်ဆက်

ဝါရှင်တန် ဩဂုတ် ၂၀

OpenAI က အသက် ၁၈ နှစ်အောက် အသုံးပြုသူများအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကာကွယ်မှုများ ထပ်မံဖြည့်စွက်ထားသည့် ChatGPT ဗားရှင်းသစ်တစ်ခုကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်အခြေစိုက် နည်းပညာဖွံ့ဖြိုးရေးကုမ္ပဏီ OpenAI က "ChatGPT for Teens" ကို ဩဂုတ် ၁၈ ရက်တွင် မိတ်ဆက်ကြောင်း ကြေညာခဲ့သည်။ OpenAI က ၎င်း၏စနစ်အသုံးပြုသူသည် အသက် ၁၈ နှစ် အောက်ဖြစ်သည်ဟု ခန့်မှန်းသတ်မှတ်ပါက သို့မဟုတ် အသုံးပြုသူ ကိုယ်တိုင်အသက် ၁၃ နှစ်မှ ၁၇ နှစ်အတွင်းဖြစ်ကြောင်း ဖော်ပြပါက Teen Version သို့ အလိုအလျောက် ပြောင်းလဲသတ်မှတ်ပေးသွားမည်ဖြစ်သည်။

ယင်းစနစ်သည် မိမိကိုယ်ကို အန္တရာယ်ပြုခြင်း၊ အစားအသောက်နှင့်ဆိုင်သော စိတ်ကျန်းမာရေးပြဿနာများအပြင် လိင်ပိုင်းဆိုင်ရာ အလွန်ရှင်းလင်းသည့် အသေးစိတ်ဖော်ပြချက်များ သို့မဟုတ် အကြမ်းဖက်မှုများကို အသေးစိတ်ဖော်ပြထားသည့် အကြောင်းအရာများ အပါအဝင် အန္တရာယ်မြင့်မားသည့် အကြောင်းအရာများနှင့်ပတ်သက်သည့် စကားပြောဆိုမှုများကို ကန့်သတ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကြာချိန် လျှော့ချ

ဆိုးလ် ဩဂုတ် ၂၀

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် လက်ရှိပြုလုပ်နေသည့် Ulchi Freedom Shield ပူးတွဲ စစ်ရေးလေ့ကျင့်မှုကြာချိန်ကို ၁၁ ရက်မှ ငါးရက်အထိ လျှော့ချရန် ဆုံးဖြတ်လိုက်ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်ရုံးကို ကိုးကား၍ KBS သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စုဘက်မှ အကြံပြုချက်အရ ပူးတွဲစစ်ရေးလေ့ကျင့်မှု ကြာချိန်နှင့် ကွင်းဆင်းလေ့ကျင့်မှုအရေအတွက်တို့ကို ထက်ဝက်အထိ လျှော့ချရန်



ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၁၇ ရက်တွင် စတင်ခဲ့သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုကို မူလက ဩဂုတ် ၂၇ ရက်အထိ ၁၁ ရက်ကြာပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ပူးတွဲ ကွင်းဆင်းစစ်ရေးလေ့ကျင့်မှုများကိုလည်း တစ်စိတ်တစ်ပိုင်းလျှော့ချရန် ဆုံးဖြတ်ခဲ့ပြီး ယခုအခါ နှစ်ဖက်စလုံးက အသေးစိတ်အချက်အလက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **စပွတ်နစ်ခ်**

## တူနီးရှားနိုင်ငံ၌ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သန်း ၆၆၀ ထက်ကျော်လွန်

တူနစ် ဩဂုတ် ၂၀

တူနီးရှားနိုင်ငံ၌ ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၆၆၀ ဒသမ ၂၈ သန်းရှိကြောင်း ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း တူနီးရှားနိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီက ဩဂုတ် ၁၉ ရက်တွင် ပြောသည်။

အဆိုပါ ကာလအတွင်းဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ၇၂ ရာခိုင်နှုန်းရှိပြီး စွမ်းအင်ကဏ္ဍတွင် ၁၉ ရာခိုင်နှုန်းရှိကြောင်း အဆိုပါအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

## ကာတွန်း



❑ *ကျောဖုံးမှ*

ထိုသို့ ကောက်ခံရခြင်းမှာ တရားမဝင် ရေသုံးစွဲမှုများနှင့် ရေလေလွင့်ဆုံးရှုံးမှုများအား လျှော့ချနိုင်ရန် ရည်ရွယ်ပြီး ရေသုံးစွဲသူပြည်သူများအနေဖြင့် မိမိသုံးစွဲသည့် ရေပမာဏနှင့် ညီမျှသည့် ရေဖိုးရေခအား ပေးဆောင်နိုင်ရန်အတွက် တပ်ဆင်သုံးစွဲလျက်ရှိသော ရေမီတာများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ရေမီတာတပ်ဆင်ထားခြင်း မရှိပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ် ရေ/သန့်ရှင်းရုံးသို့ ဆက်သွယ်ကာ အမြန်ဆုံး တပ်ဆင်ပေးကြရန် တိုက်တွန်း အကြံပေးအပ်ကြောင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က သတင်းထုတ်ပြန်သည်။

အခြေခံရေဖိုးရေခကောက်ခံမှုစနစ်(Basic Rate) အနေဖြင့် အိမ်သုံး အခြေခံရေသုံးစွဲမှုအား လစဉ် ၁၀ ယူနစ်ဖြင့်လည်းကောင်း၊ စီးပွားသုံး အခြေခံရေသုံးစွဲမှုအား လစဉ် ၂၀ ယူနစ်ဖြင့်လည်းကောင်း၊ လုပ်ငန်းသုံး/ စက်ရုံသုံး အခြေခံရေသုံးစွဲမှုအား လစဉ် ၃၀ ယူနစ်ဖြင့်လည်းကောင်း ကောက်ခံသွားမည်ဖြစ်ပြီး အဆိုပါ အခြေခံရေသုံးစွဲမှု ပမာဏမှာ ရေသုံးစွဲသူပြည်သူများ မဖြစ်မနေပေးဆောင်ရမည့် အနည်းဆုံးပမာဏ ဖြစ်ကြောင်း၊ ရေဖိုးရေခ နှုန်းထားအနေဖြင့် တစ်ယူနစ်လျှင် နိုင်ငံသား (အိမ်သုံး)အတွက် ငွေကျပ် ၃၃၀ နှုန်း၊ နိုင်ငံသား (စီးပွားသုံး) အတွက် ငွေကျပ် ၅၅၀ နှုန်း၊ နိုင်ငံသား (လုပ်ငန်းသုံး/ စက်ရုံသုံး) အတွက် ငွေကျပ် ၆၆၀ နှုန်း၊ နိုင်ငံခြားသား (အိမ်သုံး) အတွက် ငွေကျပ် ၈၈၀ နှုန်း၊ နိုင်ငံခြားသား(စီးပွားသုံး) အတွက် ငွေကျပ် ၁၁၀၀ နှုန်း၊ နိုင်ငံခြားသား (လုပ်ငန်းသုံး/ စက်ရုံသုံး) အတွက် ငွေကျပ် ၁၃၂၀ နှုန်းဖြင့် အသီးသီး သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **TWA**

**အလိမ္မာ စာမှာရှိ**

❖ *ကျောဖုံးမှ*

ရောဝတီအသင်းသည် ပွဲချိန် မိနစ် ၉၀ ပြည့်သည်အထိ တိုက်စစ်ပိုင်းအားကောင်းခဲ့ပြီး နိုးလစ်မစ်အသင်း၏ ခံစစ်ပိုင်းအားနည်းချက်များကို အထိရောက်ဆုံးအသုံးချနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ခြေစွမ်းပြကစားခဲ့သည့် ရောဝတီအသင်းမှ တိုက်စစ်မှူး မေထက်လူက ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

ရောဝတီအက်ဖ်စီအသင်းသည် ခြေစစ်ပွဲ နှစ်ပွဲကစား နှစ်ပွဲနိုင် သွင်းဂိုး ၁၂ ဂိုးရရှိထားကာ ပေးဂိုးမရှိရလဒ်ဖြင့် ဇယားထိပ်ဆုံး၌ ဦးဆောင်လျက်ရှိပြီး ဩဂုတ် ၂၃ ရက်တွင် တရုတ်(တိုင်ပေ)ကလပ် New Taipei City Hang Yuan FC အသင်းနှင့် သုဝဏ္ဏကွင်း၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

No Limits FC အသင်းသည် တရုတ်(တိုင်ပေ)ကလပ် New Taipei City Hang Yuan FC အသင်းကို ခြောက်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ထားသလို ယနေ့ပွဲစဉ်တွင် မြန်မာကလပ် ရောဝတီအက်ဖ်စီကို ရှစ်ဂိုးပြတ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-AFF**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အသိပညာပေး ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အသိပညာပေးဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ဩဂုတ် ၁၈ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ဝင်းက ဟောပြောပွဲ



ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ပလတ်စတစ်၏ဆိုးကျိုး၊ လေထုညစ်ညမ်းမှု၊ မူးယစ်ဆေးဝါး ဆိုးကျိုး၊ ကျောင်းသားနှင့် အင်တာနက် ကောင်းကျိုး၊ ကာကွယ်စရာဝမ်းရောဂါ၊ ပညာရေး၏အရေးပါပုံ စသည့်ခေါင်းစဉ်များဖြင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက စိတ်ကြိုက်ပန်းချီများ ရေးဆွဲကြသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲနှင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **ဟန်နီ(ပြန်/ဆက်)**

## Times City ၌ (၈) ကြိမ်မြောက် သီတင်းကျွတ် ကျောက်မျက်ရတနာ အထူးအရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာပြည်တွင်းမှ ထွက်ရှိသော အရည်အသွေးမြင့် ရတနာမျိုးစုံနှင့် ရှားပါးကျောက်မျက်များကို အနီးကပ် လေ့လာဝယ်ယူနိုင်မည့် (၈) ကြိမ်မြောက် သီတင်းကျွတ်ကျောက်မျက်ရတနာ အထူးအရောင်းပွဲတော်ကြီးကို အောက်တိုဘာလအတွင်း Times City ၌ ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရောင်းပွဲတော်ကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ၃ ရက်တိုင်တိုင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Times City, Jewellery Mall ၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်၌ အရည်အသွေးမြင့် ရတနာအချောထည်များအပြင် အကြမ်းထည် ကျောက်မျက်များ၊ မြင်တွေ့ရခဲသည့် ရှားပါး ရတနာမျိုးစုံကို တစ်နေရာတည်းတွင် စုံလင်စွာ ပြသရောင်းချမည်ဖြစ်ပြီး ပြည်သူချစ်အနုပညာရှင် ကျော်ကြားသူပေါင်းများစွာ ပါဝင်တက်ရောက်မည်ဖြစ်သည်။ ကျောက်မျက်ရတနာ စိတ်ပါဝင်စားသူများ၊ စေတနာရှင်များအတွက် လေ့လာနိုင်ရန်နှင့် မိမိနှစ်သက်ရာ ရတနာများကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန် အခွင့်အရေး ဖန်တီးပေးခြင်းဖြစ်သည်။

ကျောက်မျက်ရတနာများ၏ အလှတရားနှင့်တန်ဖိုးကို ကိုယ်တိုင်တွေ့မြင် လေ့လာနိုင်ရန်အတွက် ရတနာချစ်သူများကို Jewellery Mall သို့ လာရောက်ရန် ကြိုတင်ဖိတ်ခေါ်ထားကြောင်း သိရသည်။ **TWA**

◆ *ကျောဖုံးမှ*

ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



## မိတ္ထီလာမြို့နယ်၌ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၂၀**

မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်း ၅၅၀ ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာမြို့နယ် လူခင်းကြီး ကန်ပတ်လမ်းပေါ်၌ အရှည် ၁၅ ဒသမ ၂၄ မီတာ၊ အကျယ် ၆ ဒသမ ၁ မီတာရှိ သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## စင်စင်နတီအိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ကိုကိုဂေါ့ဖ်၊ ရှီယွန်တက်ခ်၊ ရီဘာကီနာတို့ နိုင်ပွဲရ

အမေရိကန်ထိပ်တန်းတင်းနစ်မယ် ကိုကိုဂေါ့ဖ်သည် စင်စင်နတီအိုးပင်းတင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်မယ် မာရီဘူးဇ်ကိုဗာကို ၆-၃၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၃ စင်စင်နတီအိုးပင်းချန်ပီယံ ကိုကိုဂေါ့ဖ်သည် ဘူးဇ်ကိုဗာကို အနိုင်ရရှိရန် အချိန်တစ်နာရီနှင့် ၃၃ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရသည်။ အသက် ၂၂ နှစ်အရွယ် ကိုကိုဂေါ့ဖ်သည် ကွာတားဖိုင်နယ်တွင် ယူကရိန်းတင်းနစ်မယ် မာတာကော့ကျူခ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကော့ကျူခ်သည် ၁၆ ဦးအဆင့်တွင် ရုရှားနာမည်ကြီး မေရာအန်ဒရေဗာကို အနိုင်ယူကျော်ဖြတ်ကာ ကွာတားဖိုင်နယ် တက်လှမ်းလာသူဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ရှီယွန်တက်ခ်သည် ၁၆ ဦးအဆင့်တွင် ပြင်သစ်တင်းနစ်မယ်ပါရီကို အနိုင်ယူပြီးကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့အပြင် နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် ရီဘာကီနာသည်လည်း ၁၆ ဦးအဆင့်တွင် ရုရှားတင်းနစ်မယ် ရုနိုက်ဒါကို အနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ကမ္ဘာ့အဆင့် (၁) ဘယ်လာရုစ်တင်းနစ်မယ် အာရီနာ ဆာဘာယ်လင်ကာသည် ၁၆ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်မယ်ဆာရာဘေလက်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ **အောင်ဇော်**



အမေရိကန် ထိပ်တန်း တင်းနစ်မယ် ကိုကိုဂေါ့ဖ်။

# ရန်ကုန် - မန္တလေးရထားလမ်းပိုင်း သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား တရားမဝင်လမ်းကူး၌ အမှတ်(၇)အဆန် DEMU ရထားနှင့် ဆိုင်ကယ်ဘေးတွဲ ပွတ်တိုက်မှုဖြစ်ပွား

**နေပြည်တော်  ဩဂုတ်  ၂၀**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် အမှတ် (၇) အဆန် ရန်ကုန်-နေပြည်တော် DEMU လူစီးအမြန်ရထားသည် သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား မိုင်တိုင်အမှတ် ၁၆၅/၁ နှင့် ၂ ကြားရှိ ကျေးရွာအစီအစဉ်ဖြင့် ဂိတ်စောင့်(ဖွင့်/ပိတ်)ပြုလုပ်သော တရားမဝင် လမ်းကူးဂိတ်၌ ဘေးတွဲဆိုင်ကယ်နှင့် ပွတ်တိုက်မှုဖြစ်ပွားပြီး DEMU ရထားစက်ခေါင်း၏ ရှေ့ညာဘက်မီးလုံးကွဲပြီး ဆေးပွန်းပဲ့မှုဖြစ်ပွား၍ ခရီးသည်များနှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရခြင်းမှာ တရားမဝင်လမ်းကူးဂိတ်၏ အရှေ့ဘက်မှ အနောက်ဘက်သို့ မောင်းနှင်လာသည့် ဘေးတွဲဆိုင်ကယ်အမှတ် BGO 3215 သည် အရပ်သားဂိတ်စောင့်မှ ဝါးလုံးတန်းဖြင့် ဂိတ်ပိတ်တားဆီးထားသော်လည်း အရှိန်မထိန်းနိုင်ဘဲ ရထားလမ်းအားဖြတ်ကျော်မောင်းနှင်မှုကြောင့် သောင်းတိုင်ကုန်းဘူတာမှ ဖြတ်သန်းမောင်းနှင်လာသော အမှတ် (၇)အဆန် DEMU ရထားဖြင့် ပွတ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဂိတ်သည် ကျေးရွာအစီအစဉ်ဖြင့် ဂိတ်စောင့်က(ပိတ်/ဖွင့်)ပြုလုပ်သော တရားမဝင်လမ်းကူးဂိတ်ဖြစ်ပြီး မြန်မာ့မီးရထားမှ ဂိတ်စောင့်တာဝန်ချထားခြင်းမရှိကြောင်း၊ ယခုရထားနှင့် ဘေးတွဲဆိုင်ကယ်တိုက်မိမှုဖြစ်စဉ်ကြောင့် ဘေးတွဲဆိုင်ကယ်မောင်းနှင်သူ ဝင်းနိုင်ဦး(ဘ) ဦးတင်လှိုင်၊ ရေပုတ်ကုန်းရွာနေသူအား ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေ



သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား အမှတ်(၇)အဆန် DEMU ရထားနှင့် ဘေးတွဲဆိုင်ကယ် ပွတ်တိုက်မှုကြောင့် ဘေးတွဲဆိုင်ကယ်ထိခိုက်မှုဖြစ်ပွားခဲ့ပုံ။

တောင်ငူအမှတ်(၁)ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားပြီး အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု (၃၅)မိနစ် ဖြစ်ပေါ်ခဲ့ကာ အခြားရထားများ ကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်



သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား အမှတ်(၇)အဆန် DEMU ရထားနှင့် ဘေးတွဲဆိုင်ကယ် ပွတ်တိုက်မှုကြောင့် ရထားရှေ့စက်ခေါင်းမီးလုံးကွဲအက်ခြင်း၊ ဆေးပွန်းခြင်း ဖြစ်ပွားခဲ့ပုံ။



# တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၈၁၆၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့် ရွှေညောင်မြို့၌ ငွေကျပ် ၂၇ ဒသမ ၇၅ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



တရားခံ စိုင်းထွန်းတစ် အား ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့် အတူ တွေ့ရစဉ်။

**နေပြည်တော်  ဩဂုတ်  ၂၀**

တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၈၁၆၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) များနှင့် ရွှေညောင်မြို့၌ ငွေကျပ် ၂၇ ဒသမ ၇၅ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိတရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက်မွန်းလွဲ ၁ နာရီကသတင်းအရ တာချီလိတ်မြို့နယ် ဝေလေလန်ကျေးရွာအနီးတွင် တာချီလိတ်မြို့နယ် ဝမ်တုံရွာနေ စိုင်းထွန်းတစ်(၂၇)နှစ် မောင်းနှင်လာသော TOYOTA HILUX TIGER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) ၉၆ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၈၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၁၆၀) ဖမ်းဆီးရမိသဖြင့် စိုင်းထွန်းတစ် အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ရတနာရပ်ကွက် နယ်မြေ(၁)နေ ခွန်ဟန်စိန်(ခ)သန့်ဇင်(၃၀)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၉၂၅၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၇ ဒသမ ၇၅ သိန်း) ဖမ်းဆီးရမိသဖြင့် ခွန်ဟန်စိန် (ခ) သန့်ဇင် အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

သတင်းစဉ်

# သရက်မြို့ ရေဘေးသင့်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**သရက်  ဩဂုတ်  ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနသည် ယမန်နေ့ နံနက်ပိုင်းက ရေဘေးသင့်ခဲ့ရာ မြို့ပေါ်တောင်မင်းတည်း (အမှတ် ၅) ရပ်ကွက်နှင့် ပိသလိမ်းကျေးရွာတို့တွင် ရေကျပြီးနောက် လူနာများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကူးစက်ရောဂါများ ဖြစ်ပွားမှု ကာကွယ်ခြင်း၊ အချွန်အတက်စူး အန္တရာယ်၊ မြွေအန္တရာယ်များနှင့် ပတ်သက်သော အသိပညာပေးခြင်းများကို ဆောင်ရွက်ခြင်း၊ ရေဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများရှိ ပြည်သူများ သုံးစွဲနေသော ရေတွင်း၊ ရေကန်၊ တုံကင်များ၊ ရေစည်အုတ်ကန်များကို ကလိုရင်းဆေးခပ်ခြင်း၊ အဘိတ်ဆေးခပ်ခြင်းများ၊ Aquatab ရေသန့်ဆေးပြားများ သုံးစွဲနိုင်ရန် ဖြန့်ဝေခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# မင်္ဂလာဒုံမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

**ရန်ကုန်  ဩဂုတ်  ၂၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အမှတ် (၄) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရဲရင့်စိုးညွန့်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်တို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းက အခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။



ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပပြီး ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ဆုများရရှိကြသူများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခြင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မြို့နယ်ပြန်/ဆက် ဦးစီးဌာနနှင့် အထက (၄) ကျောင်းအတွက် စာအုပ်စာစောင်များကို လှူဒါန်းခြင်းနှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးငွေစိုး(ရွှေကြန့်မြေ) နှင့် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသီဟဘော်ဇံ တို့က ဟောပြောပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော်  ဩဂုတ်  ၂၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

ပညာရဲရင့် ပွဲလယ်တင့် ❖ ပညာရွှေအိုး လူမခိုး

# တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၂၃ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၀**

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် နယ်စပ်ဒေသများတွင်အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၂၃ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်းလုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက သတင်းကွင်းဆက်ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ကျေးသီးမြို့နယ် ဝမ်ဖွန်းကျေးရွာ၏ မြောက်ဘက် မီတာ ၉၉၀၀ ခန့်အကွာ၊ ပုံလုံကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၉၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၁၀ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာယီလူနေမိုးကာတဲ နှစ်လုံး၊ ယာယီအလုပ်ရုံမိုးကာတဲ တစ်လုံး၊ ယာယီစားချက်ဆောင်မိုးကာတဲ တစ်လုံး၊ StarLink လေးစုံ၊ ဖုန်းမျိုးစုံ ၂၆ လုံး၊ Tablet နှစ်လုံး၊ Laptop တစ်လုံး၊ Network လိုင်းခွဲ Box ရှစ်ခု၊ Wifi စက် ၁၂ ခု၊ ငွေဖြတ်စက် လေးလုံး၊ မီးစက်(အကြီး) တစ်လုံး၊ ရေခဲသေတ္တာ နှစ်လုံး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါဝန်းကျင်တစ်ဝိုက် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေခြင်း မရှိစေရေး နယ်မြေလုံခြုံရေး လုပ်ငန်းများ စနစ်တကျ ဆက်လက်ဆောင်ရွက်ခဲ့ရာ ပုံလုံကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၃၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးအားလည်းကောင်း၊ ပုံလုံကျေးရွာ၏ မြောက်ဘက် မီတာ ၃၉၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးတို့အားလည်းကောင်း ထပ်မံဖမ်းဆီးရရှိခဲ့ပြီး စုစုပေါင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးအား ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့်လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံး တဲများကိုလည်း စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ် တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။




## သဘာဝဘေးသင့်ဒေသများရှိ ကျောင်းသား ကျောင်းသူများအတွက် ဆိုလာမီးများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၀**

CHEC နှင့် တရုတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD) တို့ ပူးပေါင်း၍ သဘာဝဘေးသင့် ပြည်သူများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးများ လှူဒါန်းပေးအပ်ပွဲကို ယမန်နေ့က နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကျောက်အိုးနှင့် အခြေခံပညာအလယ်တန်းကျောင်း ပင်သောင်တို့တွင် ကျင်းပရာ အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်အေးအေးစမ်း၊ CHEC မှ ဒုတိယမန်နေဂျင်း ဒါရိုက်တာ Mr. Du Jing၊ CFRD မှ ကိုယ်စားလှယ်များ၊ ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အဆိုပါလှူဒါန်းပွဲတွင် အခြေခံပညာဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်အေးအေးစမ်းက ကလေးများအနေဖြင့် ဆိုလာမီးများကို တန်ဖိုးထားအသုံးပြုရန်နှင့် အသုံးပြုနည်းကို ရှင်းလင်းပြောကြားပြီး CHEC မှ ဒုတိယမန်နေဂျင်း ဒါရိုက်တာက ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၁ နှစ်ကြာ လုပ်ကိုင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုတစ်ကြိမ် လှူဒါန်းမှုတွင် သဘာဝဘေးသင့် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ နေထိုင်ရေးနှင့် ပညာရေးကို လင်းလက်တောက်ပရန် ရည်ရွယ်၍ ဆိုလာမီးများကို လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆိုလာမီးများကို ကျောင်းသား ကျောင်းသူများထံ လှူဒါန်းပေးအပ်ခဲ့သည်။ ယခုလှူဒါန်းမှုတွင် နေပြည်တော် လယ်ဝေးမြို့နယ်ရှိကျောင်း ခုနစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၀၀ အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်ထက်**

## ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)အား ကျိုင်းတုံပညာရေးဒီဂရီကောလိပ်သို့ လွှဲပြောင်း



**ကျိုင်းတုံ ဩဂုတ် ၂၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)အား ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ကျိုင်းတုံပညာရေးဒီဂရီကောလိပ်သို့ လွှဲပြောင်း၊ လက်ခံခြင်း အခမ်းအနားကို ဩဂုတ် ၁၉ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ Polytechnic University(ကျိုင်းတုံ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်သာထွန်းနှင့် ဆရာအတတ်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်လင်းတို့က လွှဲပြောင်းပေးအပ်၊ လက်ခံရရှိခြင်းတို့နှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းနှင့် တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)အား ဆရာအတတ်ပညာဦးစီးဌာန ကျိုင်းတုံပညာရေးဒီဂရီကောလိပ်သို့ လွှဲပြောင်း၊ လက်ခံခြင်းအတွက် လက်မှတ်ရေးထိုးခြင်းနှင့် မှတ်တမ်းစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၁၇၉ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၀**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဩဂုတ် ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# သွားနှင့်ခံတွင်း ပါမောက္ခ / အထူးကုဆရာဝန်ကြီးများက မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ကွင်းဆင်း ခွဲစိတ်ကုသမှုပေးပြီး သက်ကြီးဘိုးဘွားများအား အံကပ်တပ်ဆင်ပေး



**မုံရွာ ဩဂုတ် ၂၀**

ကျန်းမာရေးဝန်ကြီးဌာနမှ သွားနှင့်ခံတွင်း ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်၊ ရပ်ကွက်/ကျေးရွာများမှ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးလူနာများနှင့် သက်ကြီးဘိုးဘွားများအား အံကပ်တပ်ဆင်ကုသဆောင်ရွက်ပေးမှုများအား မုံရွာမြို့၊ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်အထိ အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များက သွားရောက် ကြည့်ရှုအားပေးကြပြီး သက်ကြီးဘိုးဘွား ၃၃ ဦးကို အံကပ်များ တပ်ဆင်ပေးကြပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ကာ အားပေးစကားများ ပြောကြားသည်။

ဆက်လက်၍ အဆိုပါဆေးရုံကြီးရှိ အကြော၊ အဆစ်ပြန်လည်သန်စွမ်းရေးဆေးကုဌာန၌ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် /မြို့နယ်၊ ရပ်ကွက်/ကျေးရွာများမှ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးလူနာ ၃၁ ဦးကို အာဟာရဖြည့်စွက်စာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေများအား ပေးအပ်ကာ အားပေးစကားများ ပြောကြားကြသည်။

ထို့နောက် ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေးခန်းမတွင် ကျန်းမာရေးဝန်ကြီးဌာနမှ သွားနှင့်ခံတွင်း ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ သွားတုကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း အထူးဖွံ့ဖြိုးရေးဒေသ အကောင်အထည်ဖော်ဆောင်ရွက်မည်

**မန္တလေး ဩဂုတ် ၂၀**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် မန္တလေးတိုင်းဒေသကြီးအတွင်းမှ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို အထူးဖွံ့ဖြိုးရေး ဒေသအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။




မန္တလေးတိုင်း ဒေသကြီးအတွင်း အထူးဖွံ့ဖြိုးရေးဒေသ အကောင်အထည် ဖော်နိုင်ရေး စီမံကိန်းများနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများ၏ စီမံကိန်း အစီအစဉ်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်(နေပြည်တော်) သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၀**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၈ ဦးနှင့် ဆရာ ဆရာမ ရှစ်ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်(နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ရှိ CONFERENCE HALL ခန်းမ၌ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် သမိုင်းအကျဉ်း၊ ဌာန၏ လုပ်ငန်းစဉ်များ၊ ဝန်ဆောင်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်တွင် ပြသထားသည့် မော်ကွန်းပြခန်းများအား စိတ်ဝင်တစား လှည့်လည်ကြည့်ရှုလေ့လာကြပြီး ပြခန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည်။ ထို့အတူ ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံသမိုင်းနှင့် စပ်လျဉ်း၍ အထွေထွေဗဟုသုတ ဉာဏ်စမ်းပဟေဠိဖြေဆိုကြပြီး ပြည့်စုံစွာ ဖြေဆိုနိုင်သူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုကျင်းပ

**ဘီးလင်း ဩဂုတ် ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၈ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်သွင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းနှင့် တာဝန်ရှိသူများက အသက် ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးများနှင့် လက်ဆောင်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မီးဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေး

**မော်လမြိုင် ဩဂုတ် ၂၀**

မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၆)ကျောင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် မီးခိုးမြူငွေ့အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာ့လေထုအပူချိန်ကို မြင့်တက်စေပြီး မိုးခေါင်ခြင်းနှင့် ပူပြင်းခြောက်သွေ့မှုကို ဖြစ်ပေါ်စေနိုင်သည့်အတွက် တောမီးလောင်ကျွမ်းခြင်း၊ မီးဘေးအန္တရာယ်များနှင့် လေထုအတွင်းသို့ မီးခိုးမြူငွေ့များ ဆိုးရွားစွာပျံ့နှံ့ခြင်း၊ လေထုအတွင်းသို့ အဆိပ်အတောက်မီးခိုးငွေ့များ ထွက်ပေါ်လာခြင်းကြောင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ စသည့်အသိပညာပေး အကြောင်းအရာများကို ကျောင်းသားကျောင်းသူ ၁၅၀ ခန့်အား အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**



## ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသကြက်နှင့် ဝက်များ ဖြန့်ဖြူးပေးအပ်

**မိုင်းဖြတ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသကြက်နှင့်ဝက်များ ဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မိုင်းဖြတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာတင်ကိုကိုက ဒေသကြက်၊ ဝက်များ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နန့်ဆမ်ကျေးရွာမှ အိမ်ထောင်စု ၁၀ စုအတွက် ဒေသကြက်အကောင် ၅၀ ကိုလည်းကောင်း၊ ဟိုနား(လားဟူ)ကျေးရွာမှ အိမ်ထောင်စု ငါးစုအတွက် ဒေသဝက် ငါးကောင်ကိုလည်းကောင်း မွေးမြူကြမည့် ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စီမံကိန်းနှင့်အုပ်ချုပ်ရေးဌာန၊ ရုံးချုပ်(နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အငယ်တန်းစာရေးရာထူး(၈)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည် အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) လျှောက်လွှာပိတ်သည့် ၂၁-၉-၂၀၂၆ ရက်၌ အသက် (၃၀) နှစ် (ဝန်ထမ်းဖြစ်ပါက(၃၅)နှစ်ထက် မကျော်လွန်သူ) ဖြစ်ရမည်၊
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်၊
(ဃ) အင်္ဂလိပ်စာ၊ ကွန်ပျူတာ ဘာသာရပ်များတွင် အခြေခံတတ်ကျွမ်းသူများကို ဦးစားပေးခန့်ထားပေးပါမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာဖော်ပြပေးခြင်းနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော (၁" x ၁.၂၅") အရွယ်ကာလာ ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သက်တမ်းရှိအလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ နှင့် အခြားဘာသာရပ်ဆိုင်ရာ တတ်မြောက်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထားမိတ္တူများ၊
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တနှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီး အကဲ၏ ထောက်ခံချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

၃။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၂၁-၉-၂၀၂၆)ရက်၊ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်) နေပြည်တော်၊ စီမံကိန်းနှင့်အုပ်ချုပ်ရေးဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်(မူရင်းများ)နှင့်အတူ လာရောက်၍ ဆက်သွယ်ကြရန် ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော် ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

(က) ၂၂-၉-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀) နာရီမှ (၁၂:၀၀) နာရီအထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ မေးခွန်းလွှာ) အား ဖြေဆိုခြင်း။
(ခ) ၂၂-၉-၂၀၂၆ ရက်၊ နေ့လယ်ပိုင်းတွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်း။

၆။ ရေးဖြေ/လူတွေ့ စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား (ရုံးချုပ်)နေပြည်တော်၊ ဖုန်း-၀၆၇-၇၇၀၃၂/၀၆၇-၇၇၁၂၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် - ၇၉၇၊ အခန်းအမှတ် (703)၊ ၇-လွှာ၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား ဒေါ်စန်းစန်းရင် (ခ)လင်စွီဟုန် (၁၂/လသန(နိုင်)၀၁၇၉၁၀)မှ ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၂၀)**
**အမှတ်(၄၈)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၄၆၁၂၂၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရပ်ကွက် (၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၃/ရပ်ကွက်-၄)၊ ဦးပိုင်အမှတ် (၆)၊ မြေကွက်အမှတ် (2)၊ ဧရိယာ (၀ ဒသမ ၀၆၃) ကေရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၏ အမှုတွဲအမှတ် (၁၆၄/၂၀၂၁)အရ နှစ်(၃၀) သက်တမ်းရှိ အမည်ပြောင်းဂရန်အား ဦးသီဟစောသိန်း၊ ဒေါ်ဝါဝါရွှေ တို့အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယင်းမြေငှားဂရန်မှာ ၇-၇-၂၀၂၅ ရက်တွင် သက်တမ်းကုန်ဆုံးသွားသဖြင့် ဦးသီဟစောသိန်း (၁၃/ညရန(နိုင်)၀၀၃၆၀၅)၊ ဒေါ်ဝါဝါရွှေ (၁၃/ကလန(နိုင်)၀၁၃၁၃၁) တို့အမည်ဖြင့် မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရ
## သင်တန်း အမှတ်စဉ်(၅)အတွက်
## သင်တန်းသားများခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၊ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၊ မိတ္ထီလာမြို့၌ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့တွင် ဖွင့်လှစ်မည့် လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရသင်တန်း အမှတ်စဉ်(၅)သို့တက်ရောက်ရန် သင်တန်းသားများ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) စနစ်ဟောင်း(၁၀)တန်း ဖြေဆိုဖူးသူ/ စနစ်သစ် Grade-12 ဖြေဆိုဖူးသူ (သို့မဟုတ်) အစိုးရနည်းပညာ အထက်တန်းကျောင်း အောင်မြင်ပြီးသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့ (သင်တန်းစတင်ဖွင့်လှစ်သည့်နေ့ရက်)တွင် အသက် (၁၇)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသား၊ အမျိုးသား အိမ်ထောင်မရှိသူ (လူပျို) ဖြစ်ရမည်။
(ဃ) ကျန်းမာသန်စွမ်းပြီး လယ်ယာသုံး စက်ကိရိယာများကို စိတ်ပါဝင်စားသူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်ခွင့် ရရှိရေးအတွက် သတ်မှတ်အရည်အချင်းများ ပြည့်မီမှုရှိ/မရှိစိစစ်၍ ပြည့်မီသူများမှာ လူတွေ့၊ နှုတ်မေး စစ်ဆေးခြင်းကို ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို သင်တန်းတက်ရောက်ခွင့်ပြုပါမည်။

၄။ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး နေထိုင်စရိတ်နှင့် သင်ကြားမှုစရိတ်ကို ဌာနမှကျခံပါမည်၊ လစဉ် စားသောက်စရိတ်နှင့် စာအုပ်စာတမ်းကြေးများကို သင်တန်းသားမှ ကျခံရပါမည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးရုံး၊ ခရိုင်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများတွင် (၂၄-၈-၂၀၂၆)ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီး သင်တန်းတက်ရောက်ခွင့် လျှောက်လွှာ၊ ကတိဝန်ခံချက်၊ စနစ်ဟောင်း (၁၀)တန်း/ စနစ်သစ် Grade-12 ဖြေဆိုဖူးသည့်အထောက်အထား (သို့မဟုတ်) အစိုးရနည်းပညာအထက်တန်းကျောင်း အောင်မြင်ကြောင်း အောင်လက်မှတ်တို့နှင့်အတူ (၅-၁၀-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ မိမိထုတ်ယူခဲ့သည့်ရုံးတွင် ဝင်ခွင့်လျှောက်လွှာ တင်သွင်းရမည်ဖြစ်သည်။

၆။ အစိုးရ နည်းပညာအထက်တန်းကျောင်းများမှ မော်တော်ယာဉ်နည်းပညာ သင်တန်းဘာသာရပ် (သို့မဟုတ်) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်း နည်းပညာသင်တန်း ဘာသာရပ်တို့ဖြင့်အောင်မြင်ပြီး၊ လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရသင်တန်း အမှတ်စဉ်(၅)တွင် ထူးချွန်စွာအောင်မြင်သောသူများသည် သတ်မှတ်အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ဖွင့်လှစ်မည့် စက်မှုလယ်ယာနည်းပညာဘာသာရပ် ပထမနှစ် သင်တန်းတွင် တက်ရောက်ရန် အခွင့်အရေးရရှိမည်ဖြစ်ပါသည်။

၇။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၊ စီမံကိန်းဌာနခွဲ ဖုန်းအမှတ်၊ ၀၆၇-၃၄၃၁၂၄၆ နှင့် စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၊ မိတ္ထီလာမြို့၊ ဖုန်းအမှတ်၊ ၀၉-၄၅၈၁၄၉၄၇၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ အထက(ရွာထောင်) Grade-12 တွင် ပညာသင်ကြားနေသော မကြယ်စင်လင်း ၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်စိန်မြင့် ၈/မထန (နိုင်)၀၈၃၄၉၀ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်စိန်မြင့်**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်တွင်နေထိုင်သော (ဘ) ဦးစန်းမြင့်၏သမီး ဒေါ်ကိန္နရာခင် ၇/ကဝန (နိုင်)၀၁၅၁၉၉ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၃-၇-၁၉၇၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ ကျိုက္ကနဲဘုရားလမ်း၊ အကွက်အမှတ်နှင့်အမည် ၁၈/ရှမ်းစု၊ ဦးပိုင်အမှတ် ၄၄၊ မြေဧရိယာ(၀.၂၃၃) ကေရှိမြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဦးခင်မောင်မြင့်အမည်ဖြင့် မှတ်သား တည်ရှိပြီး ဦးခင်မောင်မြင့် သည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - ၂၁၈/၂၀၀၂ အရ ဦးပြည့်စုံ အား ရောင်းချခဲ့ပါသည်။ အဆိုပါ မြေဧရိယာ (၀.၂၃၃)ကေအနက်မှ မြေဧရိယာ(၀.၁၁၈)ကေရှိမြေအား ဦးပြည့်စုံသည် မှတ်ပုံတင်စာချုပ်အမှတ် - ၁၄၄/၂၀၂၀ အရ ဦးမြင့်မြတ်ဟိန်း နှင့် ဒေါ်ရွှေဇင်ထွန်းတို့အား ရောင်းချပေးခဲ့ပြီး၊ အဆိုပါမြေဧရိယာ(၀.၁၁၈)ကေအား ဦးမြင့်မြတ်ဟိန်းနှင့် ဒေါ်ရွှေဇင်ထွန်းတို့မှ မှတ်ပုံတင်စာချုပ်အမှတ် - ၃၃၂/၂၀၂၆ အရ ဦးပြည့်စုံအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ပြန်လည်ရောင်းချပေးခဲ့ ပြီးဖြစ်ပါသည်။ ယခုအခါ ဦးပြည့်စုံသည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးပြည့်စုံမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊မြေကွက်အမှတ်-၄၉၅၊ အကျယ်အဝန်းအားဖြင့် (အလျားပေ၄၀xအနံပေ၆၀)ခန့်ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးစိန်ဝင်း (၇/ဒဥန(နိုင်)၀၁၂၀၅၃) တစ်ဦးတည်းတရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသောသူဖြစ်ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို (၁၇-၈-၂၀၂၆) ရက်စွဲပါ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းကတိစာချုပ်အရ ဦးစိန်ဝင်း (၇/ဒဥန(နိုင်)၀၁၂၀၅၃)က မိမိ၏သားရင်းသမီးရင်းများဖြစ်ကြသော (၁)ဒေါ်သွယ်ဇင်ဝင်း (၁၂/တမန(နိုင်)၁၀၂၄၉၆)၊ (၂)ဦးဖြိုးဇင်ဝင်း (၁၂/တမန(နိုင်)၁၀၃၅၅၆)၊ (၃)ဒေါ်အိမွန်ဝင်း (၁၂/တမန(နိုင်)၁၀၃၃၅၈)တို့အား အပြီးအပိုင် လက်ရောက်ပေးကမ်းခဲ့ပြီးဖြစ်၍ သားရင်းသမီးရင်း(၃)ဦးတို့ကသာလျှင် အပြီးအပိုင်လက်ရောက်ရရှိပြီး ပိုင်ရှင်အနေဖြင့် အကျိုးခံစား လျက်ရှိနေသောကြောင့် ၎င်းတို့(၃)ဦးကသာလျှင် တရားဝင်ပိုင်ဆိုင်သူများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဖြူ တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၆၂)**
**အမှတ်-၂၉ (၃)လွှာ၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၅၂၆၈၄၁၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ဟဲဟိုး-၅ ရပ်ကွက်၊ ကွင်း/အကွက်အမှတ် နှင့်အမည် (၆၇/နန်းကုန်း(၃) အကွက်)၊ ဦးပိုင်အမှတ် (၂၉)၊ မြေကွက်အမှတ် (32)၊ ဧရိယာ (၀ ဒသမ ၀၉၅) ကေရှိ မြေကွက်အား တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ အမှုတွဲအမှတ် (၁၅၄၉/၂၀၁၅)အရ (၁၀)နှစ် သက်တမ်းရှိ မြေငှားဂရန်အား ဦးမြင့်ဦး၊ ဒေါ်တင်တင်ဖြူး၊ ဒေါ်သီသီအောင် တို့အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယင်းမြေငှားဂရန်မှာ ၃၀-၉-၂၀၂၅ ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်၍ ယင်း(၁၀)နှစ်မြေငှားဂရန်မူရင်းအား ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အပ်နှံ၍ မြေစာရင်းပုံစံ (၁၀၅)(၁၀၆)ရေးဆွဲကာ ဦးမြင့်ဦး (၁၃/ကလန(နိုင်) ၀၂၉၁၃၂)၊ ဒေါ်တင်တင်ဖြူး (၁၃/ကလန(နိုင်) ၀၂၉၁၉၀)၊ ဒေါ်သီသီအောင် (၁၃/ကလန(နိုင်)၀၈၀၃၆၅) တို့အမည်ဖြင့် မြေငှားဂရန်သစ်ပြန်လည်လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့် ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်လားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ကံဘဲ့)၊ မြေကွက်အမှတ် (၅၀/ဃ)၊ ဧရိယာ (၀.၀၆၇)ကေ မြေကွက်တည်နေရာ အမှတ် (၄ ဘီ)၊ စွန်းလွန်းဂူကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးကျော်ဝင်း (ခ) တေကိန်ကျောင်း (၁၂/တမန (နိုင်) ၀၈၃၆၂၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျော်ဝင်း (ခ) တေကိန်ကျောင်း ခင်ပွန်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကင်း(မ်)ခင် (ခ) ခင်ခင် (၁၂/တမန (နိုင်) ၀၂၉၇၀၂)မှ ကွယ်လွန်သူ ခင်ပွန်းတွင် တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ မိမိတစ်ဦးတည်းသာလျှင်ရှိပြီး အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိမှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း (၃-၄-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)ဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆို ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ရှင်စောပုလမ်း၊ ကွင်းအမှတ်နှင့်အမည် ၉၂ / ဖက်ခင်း၊ ဦးပိုင်အမှတ် ၆၄/ည/၃/က၊ ဧရိယာ(၀.၅၁)ကေရှိမြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဒေါ်သန်းသန်းမြင့် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်သန်းသန်းမြင့် သည် ၎င်းပိုင်ဆိုင်သော အထက်ဖော်ပြပါ မြေဧရိယာအနက်မှ C အမှတ်ပြ (၀.၁၀)ကေရှိမြေကို မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၁၇၀/၂၀၂၆ အရ ဒေါ်မြတ်နိုးဦး အား မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ဒေါ်မြတ်နိုးဦး သည် ၎င်းတရားဝင်ဝယ်ယူထားသော မြေဧရိယာကို ဦးပိုင်ခွဲစိတ်ခွင့်ရရှိရန် လျှောက်ထားခဲ့ရာ ဦးပိုင်အမှတ် (၆၄/ဒ)၊ ဧရိယာ( ၀.၁၀ )ကေဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်မြတ်နိုးဦး သည် ဦးပိုင်အမှတ် (၆၄/ဒ)၊ ဧရိယာ( ၀.၁၀ ) ကေရှိမြေကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဒေါ်မြတ်နိုးဦးမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၁၊ ဆုတောင်းပြည့်)၊ ဦးပိုင်အမှတ် (၆၄)၊ မြေဧရိယာ (၀ဒသမ ၀၆၁)ကေရှိမြေကွက်သည် မူလက ဒေါ်ဂျာဖာ အမည်ဖြင့် (၂၇-၁-၂၀၅၃)ရက်နေ့အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၅-၈-၂၀၂၆) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၈၄/၂၀၂၆)အရ ဒေါ်စုဖြိုးရွှေစင်အေး ၁/မကတ(နိုင်)၁၀၁၆၇၈ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ဒေါ်စုဖြိုးရွှေစင်အေး အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

